မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၅၇)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂါနာသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၁၃ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ ဂျွန် ဒရာမနီ မဟားမား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုကြိုဆိုထောက်ခံအားပေး စီးပွားရေးပိတ်ဆို့မှုများကိုလုံးဝဖယ်ရှားပေးရန် ဩစတြီးယားနိုင်ငံကထောက်ခံသွားမည်

နေပြည်တော် မတ် ၅

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဩစတြီးယားနိုင်ငံသမ္မတ H.E. Dr. Heinz Fischer က မတ် ၄ ရက် နံနက် ၁၁ နာရီတွင် ဗီယင်နာမြို့ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုကြိုဆိုသည်။

အခမ်းအနားတွင် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး နိုင်ငံတော်သမ္မတက ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဆက်လက်၍ နှစ်နိုင်ငံခေါင်းဆောင်များသည် ၎င်းတို့နှင့်အတူ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အပြန်အလှန်မိတ်ဆက်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြီးယားနိုင်ငံသမ္မတ H.E. Dr. Heinz Fischer တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုင်းသို့ ရေထွက်ပစ္စည်းတင်ပို့မှု သိသိသာသာတိုးလာ

ရန်ကုန် မတ် ၅

သတင်း-မြင့်မောင်စိုး

မြန်မာရေလုပ်ငန်းရှင်များက ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ရေထွက်ပစ္စည်းများ တင်ပို့မှုမှာ ဖေဖော်ဝါရီလအတွင်း သိသိသာသာ မြင့်တက်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ထိုင်းနိုင်ငံဘက်သို့ မြန်မာ့ရေထွက်ပစ္စည်းများ တင်ပို့လျက်ရှိရာ လွန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်း ရေထွက်ပစ္စည်း ၁၁၇၂၃ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၁၅၆၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ဧပြီမှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအထိ ထိုင်းနိုင်ငံဘက်သို့ ရေထွက်ကုန် ၁၂၅၇၇၇ တန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၄၀ ဖိုး အထိရှိကြောင်း သတင်းထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

ထိုင်းနိုင်ငံသို့ အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းသုံးခုမှ ရေထွက်ပစ္စည်းများ တင်ပို့လျက်ရှိရာ အဓိကအားဖြင့် ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းတို့အပြင် ငါးပိ၊ ငါးခြောက်တို့လည်း ပါဝင်ကြောင်း သိရသည်။

ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ အမေရိကန်ဒေါ်လာ

စာမျက်နှာ ၈ ကော်လံ ၄ ❒

GREEN (MYANMAR) CONSTRUCTION GROUP

HOT LINE
09 508 3773

အခန်းပေး အခန်းယူစနစ်ဖြင့် အဆောက်အဦးများ တည်ဆောက်ပေးခြင်း ၊
အဆင့်မြင့် CONDOMINIUM များ တည် ဆောက်ပေးခြင်း ၊
ပုတ်ပြတ် (P.A.E) စနစ်ဖြင့် လုံးချင်း နှင့် အထပ်နိမ့်၊ အထပ်မြင့် အဆောက်အဦးများ တည်ဆောက်ခြင်း ၊
ပုတ်ပြတ် (P.A.E) စနစ်ဖြင့် စာသင်ကျောင်းများ၊ စက်ရုံ နှင့် ဂိုထောင်များ တည်ဆောက်ခြင်း ။

No.34, Bagan St, Aung Zeya City, Kyansitthar Rd, Hlaing Thar Yar, Yangon, Myanmar

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အက်စ်အမ်အီးနှင့်အာဆီယံ

ဖွံ့ဖြိုးပြီးနိုင်ငံအများစုအနေဖြင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အက်စ်အမ်အီးဟုခေါ်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(**Small and Medium Enterprises-SMEs**) ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပေသည်။ ဤအချက်သည် အလွန်မှန်ကန်သော စီးပွားရေးပုံဖော်မှုလမ်းကြောင်းဟုပင် ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဟူမူ နိုင်ငံအများစုရှိ လူထုလူတန်းစားတွင် အခြေခံလူတန်းစားသည် အများဆုံးဖြစ်၏။ ဤအခြေခံလူတန်းစားအများစုသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ်တွင် မှီခိုနေကြရသည်။ ယင်းတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးတက်သည်ထက် တိုးတက်အောင်၊ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏စီးပွားရေး တိုးတက်မှုအဟုန်သည်လည်း တဖြည်းဖြည်း တိုးတက်လာမည်ဖြစ်သည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင်လည်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အစီအမံများ ချမှတ်ဆောင်ရွက်အားပေးနေပြီဖြစ်သည်။ စက်မှုဇုန်အများဆုံးရှိသည့် ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းမှာပင် စက်ရုံ အလုပ်ရုံပေါင်း ၆၀၀၀ ကျော်ရှိသည်။ ယင်းတို့အပေါ်တွင် မှီခိုနေရသည့် အလုပ်သမားပေါင်းမှာလည်း နှစ်သိန်းခြောက်သောင်းကျော်ရှိကြောင်း သိရသည်။ အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်လည်း စက်မှုဇုန်များ အများအပြားရှိသည်။ တစ်နည်းအားဖြင့်ဆိုလျှင် နိုင်ငံ၏စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်သည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည်။

စီးပွားရေးလုပ်ငန်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ငွေကြေးအရင်းအနှီးနှင့် နည်းပညာသည် အဓိက အရေးကြီးဆုံးဖြစ်သည်။ ငွေကြေးအရင်းအနှီးပြည့်စုံခြင်း မရှိလျှင်သော်လည်းကောင်း၊ နည်းပညာမရှိလျှင်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း တိုးတက်အောင်ဆောင်ရွက်ရန် အခက်အခဲများစွာကို ကျော်ဖြတ်ရပေလိမ့်မည်။ ထို့ကြောင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတိုင်းသည် လက်ငင်းအကျိုးအမြတ်ကို ဖြစ်စေမည့် **Quick Win** များ ဖြစ်အောင် အစီအမံများချမှတ်၍ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ပါမှ တော်ရာကျပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ၂၀၁၅ ခုနှစ်သည် အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသ ဖြစ်လာတော့မည်ဖြစ်သည်။ အာဆီယံနိုင်ငံများမှထုတ်လုပ်သော ကုန်ပစ္စည်းများသည် လွတ်လပ်စွာ စီးဆင်းရောင်းဝယ် ဖောက်ကားလာကြတော့မည်ဖြစ်သည်။ ထိုအခါ အခြားသောအာဆီယံနိုင်ငံများနည်းတူ အရည်အသွေးမီကုန်ပစ္စည်း (**Quality Products**)ဖြစ်အောင် ထုတ်လုပ်သွားရန် အရေးကြီးသည်။ ဤသို့ အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပြည်တွင်းဈေးကွက်တစ်ခုတည်းအတွက်မဟုတ်ဘဲ ပြည်ပအိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်များကိုပါ ရည်ရွယ်၍ အမြောက်အမြားထုတ်လုပ်ခြင်း(**Mass Production**)ကို ဆောင်ရွက်သွားသင့်သည်။ သို့မှသာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ရေရှည်အကျိုးဖြစ်ထွန်းလျက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာကာ နိုင်ငံ၏စီးပွားရေးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ။

ပြည်တွင်းသတင်း

စီမံကိန်းရည်မှန်းချက် အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၅

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ပြီးခဲ့သည့်နှစ်က မိမိတိုင်းဒေသကြီး၏ ရည်မှန်းချက်အပေါ် ၉၆ ဒသမ ၄ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ယခုနှစ်တွင် ရည်မှန်းချက်အပေါ် ရာနှုန်းပြည့်မီသည့် အခြေအနေကိုရရှိအောင် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများအနေဖြင့် စိတ်အားမလျှော့ဘဲ ရည်မှန်းချက်ပြည့်မီရေးကို ဦးတည်ပြီး ကဏ္ဍအလိုက်၊ လုပ်ငန်းအလိုက် ဤလကုန်တွင် စိစစ်သုံးသပ်ကာ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဤနှစ်နှစ်ကုန်ကာလတွင် စီမံကိန်း ရည်မှန်းချက်အပေါ် ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်ရန်အတွက် ရည်မှန်းချက်ထက် ကျော်လွန်နိုင်မည့် အားသာချက်ရှိသော သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍများက ရည်မှန်းချက်ထက်ကျော်လွန်နိုင်သမျှ ကျော်လွန်အောင် ကြိုးစားကြရန်နှင့် ကျန်အားနည်းသော ကဏ္ဍများဖြစ်သည့် လယ်ယာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများအနေဖြင့်လည်း မိမိတို့၏ အကောင်အထည်ဖော်နိုင်မှု ပြည့်မီအောင် စာရင်းဇယားမကျန်ရှိအောင် အစွမ်းကုန်ကြိုးစားသွားကြရန် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က မတ် ၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်း ရည်မှန်းချက် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဝင်းကိုကိုက တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလကုန်နှင့် မတ်လကုန်အထိ ခန့်မှန်းအကောင်အထည်ဖော်နိုင်မှုနှင့် တက်ရောက်လာကြသော တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ၂၀၁၂-၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် မတ်လကုန်တွင် တစ်နှစ်လုံး ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အလားတူ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် အထွေထွေအရပ်ရပ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ဧရာရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီခရိုင် မြဝတီမြို့နယ်တွင် လောင်းကစားမှုပပျောက်ရေးအတွက် ပိုင်ရှင်မဲ့သိမ်းဆည်းရမိထားသည့် ပန်းသီးဂိမ်းစက် ၂၄ လုံး၊ အန်ဂလုံ ၉၂ လုံးကို မတ် ၄ ရက်က မိဋ္ဌာန်အောင်ဘုရားကွင်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ငွေတို့က ဦးဆောင်၍ မီးရှို့ဖျက်ဆီးကြစဉ်။

နဒီမြင့်မိုရ်(မြဝတီ)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်ပပို့ကုန်များ ကုန်စည်ပြပွဲကျင်းပမည်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံး၊ The Export Promotion of Bureau (EPB), Dhaka နှင့် UMFCCI က ကြီးမှူးကျင်းပသော Bangladesh Single Country Trade Fair 2013 ကို နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ခိုင်မာစေရန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်ပပို့ကုန်များ မြန်မာဈေးကွက် တိုးတက်ရရှိရန် လက်ရှိဆောင်ရွက်နေသော နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး တိုးတက်လာစေရန် ရည်ရွယ်လျက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း အဆောက်အအုံရှိ မင်္ဂလာခန်းမ၌ မတ် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲတွင် စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ ဘိလပ်မြေနှင့် ပလတ်စတစ်ထုတ်ကုန်များ၊ စတီးပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ အိုင်တီနည်းပညာနှင့် လုံခြုံရေးဆိုင်ရာ နည်းပညာများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ ဆေးဝါးပစ္စည်းများ၊ ပရဆေးပစ္စည်းများ၊ အလှကုန်နှင့် အခြားဝန်ဆောင်မှုများ၊ စုံလင်စွာ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။ ဆိုင်ခန်းပေါင်း ၃၂ ခန်းကျော်ပြသရန် စီစဉ်ထားပြီး ကုန်စည်ပြပွဲနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်ပပို့ကုန်များနှင့်ပတ်သက်သော အကြောင်းအရာများဆွေးနွေးခြင်းကိုပါ မတ် ၇ ရက်တွင် ကျင်းပသွားရန် စီစဉ်ထားပြီး စိတ်ပါဝင်စားသူများ စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။ **(မိုးသူဇာစိုး)**

၂၀၁၂-၂၀၁၃ ခုနှစ် နွေစပါးရာသီတွင် စပါးတစ်ဧကပျမ်းမျှတင်း ၂၀၀အထက် အထွက်နှုန်းယှဉ်ပြိုင်ပွဲကြေညာချက်

ယခုနှစ် ဆုချီးမြှင့်မည့်နှုန်းထားများ

ပထမဆု - ကျပ် ၁၅ သိန်း
ဒုတိယဆု - ကျပ် ၁၀ သိန်း
တတိယဆု - ကျပ် ခုနစ်သိန်း ချီးမြှင့်ပါမည်။

ပြိုင်ပွဲဝင်စည်းကမ်းချက်များ

၁။ တစ်ဆက်တစ်စပ်တည်း ၁၀ ဧက စိုက်ပျိုးထားရှိရပါမည်။
၂။ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ အသင်းအဖွဲ့အနေဖြင့်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်သည်။
၃။ မည်သည့်စပါးမျိုးနှင့်မဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
၄။ စပါးစိုက်ကွင်း၏တည်နေရာ၊ စပါးပင်များ၏ မြင်ကွင်းကျယ် မှတ်တမ်းဓာတ်ပုံကို ရိတ်သိမ်းမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ ပြိုင်ပွဲကြီးကြပ်ရေးကော်မတီထံသို့ ပေးပို့ရပါမည်။
၅။ တစ်ဆက်တစ်စပ်တည်း ၁၀ ဧကပြည့်မီကြောင်းနှင့် ပြိုင်ပွဲဝင်နိုင်သည့် အဆင့်မီကြောင်းအား စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူး (သို့မဟုတ်) ကျေးရွာမန်နေဂျာတို့မှ ကြိုတင်ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပါသည်။
၆။ ရင့်မှည့်သည့်နေ့ရက်တွင် ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့မှ ရိတ်သိမ်းခြွေလှေ့စက်(Combine Harvester)များဖြင့် တလင်းပျောက်စနစ် လာရောက်ရိတ်သိမ်းပြီး အဖွဲ့စနစ်ဖြင့် တိတိကျကျ မှတ်တမ်းတင်ခြင်း ဆောင်ရွက်ပါမည်။
(အသေးစိတ်အချက်အလက်များကို အောက်ပါဌာနများတွင် စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်-

(၁) ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၀၀၇
(၂) ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၆၅၃၃
(၃) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ စိုက်ပျိုးရေးဦးစီးဌာန
(၄) မြို့နယ်ဦးစီးမှူးရုံးများ၊ စိုက်ပျိုးရေးဦးစီးဌာန

ပြည်တွင်းသတင်း

○ ရှေ့စာမှ

ထို့နောက် ဩစတြီးယားနိုင်ငံ သမ္မတက နိုင်ငံတော်သမ္မတအား သမ္မတနန်းတော်၌ ရင်းနှီးခင်မင်စွာ နှုတ်ဆက်ပြီး သီးသန့်တွေ့ဆုံသည်။

ယင်းနောက် နှစ်နိုင်ငံဆွေးနွေးပွဲကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစိုးနွယ်တို့ တက်ရောက်ကြပြီး ဩစတြီးယားနိုင်ငံ သမ္မတနှင့်အတူ Cabinet Director Dr. Rene Pollitzer နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှုရရှိရန်အတွက် နိုင်ငံရေးအဖွဲ့အစည်းများအားလုံး နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ခွင့်ရှိစေရန် ဆောင်ရွက်ပေးခဲ့သည့်အခြေအနေ၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ခွင့်ရစေရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံနေရသူများကိုလည်း ပြန်လည်စေလွှတ်ပေးခဲ့မှု အခြေအနေနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝစဉ်ငြိမ်းချမ်းရေးရရှိစေရန် ဆောင်ရွက်နေမှုအခြေအနေများ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများနှင့် ၎င်းတို့ကိုကျော်လွှားနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရမည့် အစီအမံများ၊ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယား နန်းရင်းဝန် Mr. Werner Faymann နှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်သမ္မတက မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ဩစတြီးယားနိုင်ငံသမ္မတက ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးရန်အတွက် ဩစတြီးယားနိုင်ငံက ထောက်ခံသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဩစတြီးယားနိုင်ငံ သမ္မတက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတသည် မွန်းလွဲပိုင်းတွင် ဩစတြီးယားနိုင်ငံနန်းရင်းဝန်ရုံးသို့သွားရောက်၍ နန်းရင်းဝန် Mr. Werner Faymann နှင့် သီးသန့်တွေ့ဆုံခဲ့ပြီး ဩစတြီးယားပါလီမန်တွင် ပါလီမန်ဥက္ကဋ္ဌ Mrs. Barbara Prammer နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့မှာ ၁၉၅၃ ခုနှစ်ကပင် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုကို ထူထောင်ခဲ့ကြောင်း၊ သို့သော် လွန်ခဲ့သည့် နှစ် (၂၀)အတွင်း နှစ်နိုင်ငံအကြား ကျင့်သုံးသည့်နိုင်ငံရေးစနစ်မတူညီခဲ့သည့်အတွက် ဆက်ဆံရေးလျော့ပါးခဲ့ရကြောင်း၊ ယခုအခါမိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ပြောင်းလဲကျင့်သုံးနေပြီဖြစ်သဖြင့် နှစ်နိုင်ငံကြား၌ အစိုးရချင်း၊ လွှတ်တော်ချင်း၊ ပြည်သူချင်း ဆက်ဆံရေးများကို ပိုမိုတိုးတက်ရန်ဆောင်ရွက်လိုကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲနေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဩစတြီးယား ပါလီမန်ဥက္ကဋ္ဌကလည်း မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ကြိုဆိုထောက်ခံအားပေးပါကြောင်း၊ မြန်မာနိုင်ငံ၏ လွှတ်တော်အသီးသီးနှင့်လည်း ပိုမိုရင်းနှီးစွာ ဆက်ဆံလိုပါကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ၏မူဝါဒများကို ပြန်လည်သုံးသပ်သည့်အချိန်တွင် အပြုသဘောဆောင်သည့်ရလဒ်များ ထွက်ပေါ်လာမည်ဟု မျှော်လင့်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဩစတြီးယားစီးပွားရေးနှင့် ကုန်သွယ်ရေးအသင်းချုပ်ရုံး၌ ကျင်းပသည့် မြန်မာ-ဩစတြီးယားစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး နှုတ်ခွန်းဆက်စကားပြောကြားရာ၌ မိမိတို့နိုင်ငံတွင် ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်ခိုင်မြဲစေရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုရှိရန် လိုအပ်သည်သာမက စီးပွားရေးဖွံ့ဖြိုးရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံတွင်လိုအပ်နေသည့် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကိုလည်း မျှမျှတတဖော်ဆောင်ပေးနိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ သို့သော် လက်ရှိအခြေအနေတွင် ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို အပြီးအပိုင် ဖယ်ရှားပေးမှုမရှိသေးခြင်းနှင့် တိုင်းရင်းသားပို့ကုန်လုပ်ငန်းရှင်များအတွက် GSP အခွင့်အရေးများ ပေးအပ်မှုမရှိသေးခြင်းသည် ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအပေါ် အဟန့်အတားများဖြစ်နေသကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံ၌ ရေရှည်လာရောက် ရင်းနှီးမြှုပ်နှံမှုပြုရာတွင်လည်း အခက်အခဲဖြစ်ပေါ်နေရကြောင်း။

ထို့ကြောင့်ဥရောပသမဂ္ဂ၏ စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးနိုင်ရေးအတွက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ဝိုင်းဝန်းတိုက်တွန်း ပြောကြားပေးစေလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြားတွင် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆောင်ရွက်နိုင်ရန် ထပ်လောင်းဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ညပိုင်းတွင် ဗီယင်နာမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့၊ ဩစတြီးယား ပါလီမန်ဥက္ကဋ္ဌ Mrs. Barbara Prammer နှင့်အဖွဲ့တို့ ဩစတြီးယား ပါလီမန်၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၆-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်

၇း၁၆ ဓမ္မပူဇာတေး

၇း၂၀ မျိုးချစ်တပ်မတော်

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၁၅ အမျိုးသားရေးတေးကဗျာ

၄း၃၅ ရင်ခုန်စီးဆင်းအချစ်သီချင်း

၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

အမေ့အပြုံး (အပိုင်း-၈၅)

၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၆း၂၅ ကာတွန်းအစီအစဉ်

အာကာသူရဲကောင်းလေးများ (အပိုင်း-၇၉)

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

တိမ်လွှာထက်က ဖန်ရဲတိုက် (အပိုင်း-၃၂)

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း

ပြည်သူ့တရားရှင်ပေါင်ချိန် (အပိုင်း-၁၆)

နိုင်ငံတကာသတင်း

နယ်မြေကျူးကျော်လာသူများအား မလေးရှားစစ်တပ် စီးနင်းတိုက်ခိုက်

ဘော်နီယို မတ် ၅

မကြာသေးမီရက်များက ဘော်နီယိုကျွန်းတွင် ရဲတပ်ဖွဲ့ဝင်ရှစ်ဦးကို သတ်ဖြတ်သွားသော ဖိလစ်ပိုင်လက်နက်ကိုင်များအား မလေးရှားစစ်သားများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း မတ် ၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မလေးရှားတပ်ဖွဲ့ဝင်များသည် ဂျက်တိုက်လေယာဉ်များ ပစ်ကူမှုရယူပြီး ဖိလစ်ပိုင် ၁၈၀ ခန့် ဝင်ရောက်နေသည့် လာဟက် ဒါတုဒေသအနီး၌ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စစ်ဆင်ရေးကို မတ် ၄ ရက် နံနက် ၇ နာရီတွင် စတင်ကြောင်း မလေးရှားအစိုးရက ပြောသည်။ မလေးရှားတို့ စီးနင်းတိုက်ခိုက်ပြီးနောက် တပ်ရင်းခုနစ်ရင်းကို ယင်းဒေသ၌ ဖြန့်ကြက်ချထားလိုက်သည်။ ဖိလစ်ပိုင်တို့က လွန်ခဲ့သည့် လမှစပြီး ယင်းတို့ပိုင်မြေဟုဆိုကာ လာဟက်ဒါတုခရိုင် ကမ်းရိုးတန်းကျေးရွာတစ်ရွာ၌ အခြေချနေထိုင်ခဲ့သည်။ ဖိလစ်ပိုင်လက်နက်ကိုင်အဖွဲ့က ၎င်းတို့နေထိုင်သော နေရာမှ ဖယ်ရှားပေးရန် မလေးရှားအစိုးရထံ ငွေတောင်းခံထားသည်။ မလေးရှားက ဖိလစ်ပိုင်လက်နက်ကိုင်တို့၏ ငွေတောင်းခံမှုကို ငြင်းဆိုပြီး ကိုယ့်နိုင်ငံကိုယ်ပြန်ကြရန် တိုက်တွန်းထားသည်။ **(ဘီဘီစီ)**

အနောက်ဘက်ကမ်းမှ အစ္စရေးတို့ ရုပ်သိမ်းရန် အိုဘားမားက အချိန်ဇယားတောင်းဆိုမည်

တဲလ်အဗစ် မတ် ၅

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ယခုလကုန်ပိုင်းတွင် အစ္စရေးသို့ သွားရောက်လည်ပတ်စဉ်အတွင်း သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသမှ အစ္စရေးတို့ ရုပ်သိမ်းပေးနိုင်မည့် အချိန်ဇယားတစ်ခုကို တောင်းဆိုလိမ့်မည်ဖြစ်ကြောင်း မတ် ၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

သမ္မတအိုဘားမားသည် ယခုလကုန်ပိုင်းအစ္စရေးသို့ သွားရောက်သည့်အခါ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့်တွေ့ဆုံလျက် အထက်ပါကိစ္စကို ဆွေးနွေးလိမ့်မည်ဖြစ်ကြောင်း အမည်မဖော်လိုအစ္စရေးအရာရှိတစ်ဦး၏ပြောကြားချက်ကို ကိုးကားလျက် သည်ဝါးထရီဘန်းသတင်းစာက မတ် ၄ ရက်တွင် ဖော်ပြသည်။ အစ္စရေးတို့၏ရုပ်သိမ်းပေးရေးအစီအစဉ်သည် ၂၀၁၄ ခုနှစ်တွင် အနောက်ဘက်ကမ်းဒေသ၌ ပါလက်စတိုင်းနိုင်ငံဖွဲ့စည်းထူထောင်ရန် အမေရိကန်တို့၏တွန်းအားပေးမှုအစိတ်အပိုင်း ဖြစ်လိမ့်မည်ဟုလည်း သတင်းတွင်ဖော်ပြသည်။

အစ္စရေးတို့က အနောက်ဘက်ကမ်းဒေသနှင့် အရှေ့ဂျေရုဆလင်တို့ကို ၁၉၆၇ ခုနှစ်ကတည်းက သိမ်းပိုက်ခဲ့ပြီး လူပေါင်းသန်းဝက်ကျော်နေထိုင်လျက်ရှိသည်။**(ပရက်စ်တီဗွီ)**

ကွန်ဂိုလေယာဉ်ပျက်ကျ၊ လူဒါဇင်ပေါင်းများစွာသေဆုံး

ဂိုမာ မတ် ၅

ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံအရှေ့ပိုင်း လေဆိပ်တစ်ခုအနီးတွင် ဖော်ကာလေယာဉ်တစ်စင်းပျက်ကျမှုကြောင့် ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အရာရှိများ၏ ပြောကြားချက်ကို မတ် ၅ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါလေယာဉ်ပျက်ကျမှုသည် ကွန်ဂိုအရှေ့ပိုင်း မြောက်ကီဗူးပြည်နယ် ဂိုမာလေဆိပ်အနီးတွင် မတ် ၃ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိကပိုင်စီအေအေလေကြောင်းလိုင်းမှ ယင်းဖော်ကာလေယာဉ်သည် ဂိုမာလေဆိပ်သို့မဆင်းသက်မီ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

သေဆုံးသူခရီးသည်များ၏ အမည်စာရင်းကိုရရှိရန် ရှာဖွေစစ်ဆေးနေဆဲဖြစ်သောကြောင့် သေဆုံးသူပေါင်းမည်မျှရှိသည်ကို အတိအကျမသိရသေးကြောင်း၊ သို့သော်လည်း ၃၀ မှ ၅၀ ကြားတွင်ရှိနိုင်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျူလင်ပါလူကူက ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

အီကွေဒေါနိုင်ငံ အနောက်တောင်ပိုင်း၌ မိုးသည်းထန်ပြီးရေလွှမ်း၊ ရှစ်ဦးသေဆုံး

ကွီတို မတ် ၅

အီကွေဒေါနိုင်ငံအနောက်တောင်ပိုင်းတွင် မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ကလေးငယ်တစ်ဦး အပါအဝင် ရှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကို မတ် ၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

ပြောကြား

အဆိုပါ ရေလွှမ်းမှုသည် အီကွေဒေါနိုင်ငံ အနောက်တောင်ပိုင်း ဂွါယာ့စ်ပြည်နယ်ကမ်းခြေတွင် ဖြစ်ပွားခဲ့ပြီး ရေလွှမ်းမှုအကျိုးဆက်ကြောင့် ယင်းနေရာတွင် ရှစ်ဦးမှာ ကံမကောင်းအကြောင်းမလှစွာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဗီဗီယာနာဘွန်နီလာက မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။

တိုးမြင့်လာနိုင်

သေဆုံးသူရှစ်ဦးအနက် ခြောက်ဦးမှာ ရေလွှမ်းမှုဖြစ်ပွားစဉ် ဓာတ်လိုက်ပြီးသေဆုံးခဲ့ကြောင်း၊ ကလေးငယ်တစ်ဦးမှာ ရေနစ်သေဆုံးပြီး အခြားတစ်ဦးမှာ ရေနောက်မျောပါသေဆုံးသွားခြင်းဖြစ်သည်ဟု ယူဆရကြောင်း ဘွန်နီလာက ဆက်လက်ပြောကြားသည်။ ယင်းဒေသများတွင် မိုးများသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် သေဆုံးသူအရေအတွက်မှာလည်း တိုးမြင့်လာနိုင်ကြောင်း ဒေသဆိုင်ရာအရာရှိများ ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

အီရန်နိုင်ငံက Qaem ဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်မည်

တီဟီရန် မတ် ၅

အီရန်နိုင်ငံက Qaem အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုကို နိုင်ငံအတွင်းရှိ ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ ကောင်းမွန်စေရန်အတွက် လာမည့်နှစ်များတွင် အာကာသအတွင်းလွှတ်တင်သွားမည်ဖြစ်ကြောင်း အီရန်အာကာသအေဂျင်စီခေါင်းဆောင်(အိုင်အက်စ်အေ)၏ ပြောကြားချက်ကို မတ် ၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ **(ဝဲပုံ)** ထရန်စပွန်ဒါ ၁၂ ခုနှင့်အတူ အလေးချိန်တစ်တန်ရှိ အဆိုပါဆက်သွယ်ရေးဂြိုဟ်တုကို လာမည့်ငါးနှစ်အတွင်း အီရန်နိုင်ငံ၏ ဂြိုဟ်ပတ်လမ်းကြောင်းဆိုင်ရာနေရာများအနက် တစ်နေရာတွင် ထားရှိသွားရန် မျှော်လင့်ထားကြောင်း အိုင်အက်စ်အေခေါင်းဆောင် ဟာမစ်ဖာဇလီက မတ် ၃ ရက်တွင် ပြောကြားခဲ့သည်။

ယင်းအစီအစဉ်ပြီးမြောက်အောင်မြင်စေရန်အလို့ငှာ ကမ္ဘာမြေ၏မျက်နှာပြင်မှ အမြင့် ကီလိုမီတာ ၃၆၀၀၀ ခန့်ရှိ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ အလေးချိန်တစ်တန်အထက် ဂြိုဟ်တုများထားရှိနိုင်ရန် အာကာသဒုံးပျံသယ်ဆောင်ရေးယာဉ်များကို ထုတ်လုပ်သင့်ကြောင်း ဖာဇလီက ဆက်လက်ပြောကြားခဲ့သည်။ ထို့အပြင် အမျိုးသားဂြိုဟ်တုလွှတ်တင်ရေးစခန်းတစ်ခုကိုလည်း အီရန်နိုင်ငံအရှေ့တောင်ပိုင်းတွင် ခိုင်ခိုင်မာမာရှိထားသင့်ကြောင်း ၎င်းက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**



အီဂျစ်နိုင်ငံရေးပါတီများ၏ အသွင်အပြင်မှ အနိဋ္ဌာရုံ

အာရပ်ကမ္ဘာတွင် သမိုင်းအစဉ်လာကြီးမားသည့် အီဂျစ်နိုင်ငံ၌ ပြည်သူ့အုံကြွမှုဖြင့် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတ ဟော့စနီမူဘာရက်အား ဖယ်ရှားပြီးနောက် ယနေ့တိုင်အောင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု အပြည့်အဝမရှိသေးသည့်အလျောက် နိုင်ငံ့စီးပွားရေးကို ထိခိုက်လျက်ရှိသည်။

အီဂျစ်ပါလီမန်ရွေးကောက်ပွဲကို မူလက ဧပြီ ၂၇ ရက်တွင် ကျင်းပရန် ကြေညာပြီးမှ ကော့ပတစ်ဘာသာရေး ပွဲရက်များနှင့် တိုက်နေသဖြင့် ဧပြီ ၂၇ ရက်အစား ဧပြီ ၂၂ ရက်တွင် စတင်ကျင်းပရန် ရက်ပြောင်းလိုက်သည်။ ရွေးကောက်ပွဲများကို အဆင့်လေးဆင့်ခွဲပြီး သုံးလကြာမျှ ကျင်းပမည်ဟု သိရသည်။

ပါလီမန် ရွေးကောက်ပွဲအတွက် မှတ်ပုံတင်လုပ်ငန်းကို မတ် ၉ ရက်မှစတင်ပြီး ရှစ်ရက်ကြာ မတ် ၁၆ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အီဂျစ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဆမားအဘူအယ်မာတီက မတ် ၂ ရက် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ကြေညာလိုက်သည်။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးအတွက် နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းရန် သမ္မတမော်စီက ကမ်းလှမ်းသည်။ အီဂျစ်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ဆိုးရွားနေကြောင်း၊ တရားဝင်သည်ဆိုသော်လည်း ကန့်ကွက်ဆန္ဒပြမှုများ၊ ထိုင်သပိတ်များကြောင့် နိုင်ငံတော်စီးပွားရေးကို များစွာထိခိုက်ကြောင်း သမ္မတမော်စီက ထုတ်ဖော်ပြောကြားသည်။

အတိုက်အခံအင်အားစုများ၏ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ ပါလီမန်ရွေးကောက်ပွဲကျင်းပရန် အီဂျစ်သမ္မတမော်စီ၏ဆုံးဖြတ်ချက်မှာ အီဂျစ်နိုင်ငံ၏ နိုင်ငံရေးအခြေအနေကို ကောင်းကျိုးဆိုးကျိုး မည်သို့ပေးလာမည်ဆိုခြင်းမှာ ဟိုဘက်၊ သည်ဘက်အငြင်းပွားဖွယ်ရာဖြစ်သည်။

အဓိက အတိုက်အခံအုပ်စုဖြစ်သည့် အမျိုးသားကယ်တင်ရေးတပ်ဦးမှ ဝါရင့်ခေါင်းဆောင်များက ဧပြီလကုန်ပိုင်းကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲကို သပိတ်မှောက်ကြရန် အီဂျစ်ပြည်သူများအား ဆော်ဩထားသည်ကိုလည်း

တွေ့ရသည်။

ယင်းသို့ နိုင်ငံရေးတင်းမာနေချိန်တွင် ကန့်ကွက်ဆန္ဒပြဆူပူမှုများကလည်း အီဂျစ်နိုင်ငံ၌ မပြတ်သလောက်ရှိသည်။ လုံခြုံရေးအခြေအနေမှာ စိုးရိမ်စရာဖြစ်သည်။ ပို့ဆက်မြို့၌ မတ် ၄ ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ ပဋိပက္ခဖြစ်သည်မှာ နှစ်ရက်မြောက်ဖြစ်ပြီး ပို့ဆက်မြို့ရှိ လုံခြုံရေးဌာနချုပ်ကို မီးတင်ရှို့ခံရသည့်နေ့လည်း ဖြစ်သည်။

ဆန္ဒပြသူများက အနီးအနားရှိ လမ်းမကြီးများပေါ်တွင် စုရုံးခိုက် လုံခြုံရေးဌာနချုပ်အဆောက်အအုံ၏မြေညီထပ်တွင် မီးစတင်လောင်ခြင်းဖြစ်သည်။ စောစောပိုင်းကလည်း ညတွင်းချင်း အဓိကရုဏ်းဖြစ်ပွားစဉ် သေဆုံးသူအရပ်သား သုံးဦး၏ ဈာပနအခမ်းအနားသို့ ထောင်ပေါင်းများစွာသော ပြည်သူများ လာရောက်ပို့ဆောင်ကြသည်။ အဓိကရုဏ်း ဖြစ်ပွားစဉ်က ရဲတပ်ဖွဲ့ဝင်သုံးဦးလည်း အသက်ဆုံးရှုံးခဲ့ရပြီး ပြည်သူ ၄၀၀ ထက်မနည်း ဒဏ်ရာရခဲ့သည်။

ပို့ဆက်မြို့၌ ရက်သတ္တများစွာကြိုးကြားကြိုးကြား ဆူပူအကြမ်းဖက်မှုများနှင့်ကြုံရသည်။ ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလက လူပေါင်း ၇၄ ဦး သေဆုံးသည်။ ဘောလုံးပွဲအဓိကရုဏ်းနှင့်စပ်လျဉ်း၍ ဒေသခံဘောလုံးဝါသနာရှင် ၂၁ ဦးကို သေဒဏ်ပေးသည့် ဇန်နဝါရီလကတည်းက ထိုမြို့၌ ကန့်ကွက်ဆန္ဒပြမှုများ၊ အဓိကရုဏ်းများ မကြာခဏဖြစ်ပွားခဲ့သည်။ အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရို၌ ဆန္ဒပြသူများက ကန့်ကွက်ဆန္ဒပြကာ ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်တစ်စီး မီးရှို့သည့်ဖြစ်ရပ် မတ် ၄ ရက်က ဖြစ်ပွားသည်။

ပို့ဆက်မြို့၌ ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက ကျောက်ခဲများ၊ ပုလင်းပုံးများဖြင့် ပစ်ပေါက်ပြီး အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးသုံးပြီး လူစုခွဲသည်။ ညပိုင်းက အကြမ်းဖက်မှုမှာ မေးမှိန်အဆုံးသတ်သွားသလိုရှိသော်လည်း ဈာပနပို့သူများ၏ ဒေါသကြောင့် အကြမ်းဖက်မှုများ ကျင့်သုံးလာပြန်သည်။ စိတ်နှလုံးလှည့်လည်စဉ် ဒေါသဖြစ်နေသည့် ဆန္ဒပြသူများက အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ကြွေးကြော်ကြသည်။ အဓိကရုဏ်းဖြစ်နေသည့်အတွက် မီးလောင်နေသည့် လုံခြုံရေးဌာနချုပ် အဆောက်အအုံဆီသို့ အရေးပေါ်ဆောင်ရွက်ရေး စီစဉ်သူများ မတိုးနိုင်ဟု သတင်းများတွင် ဖော်ပြထားသည်။ ရဲနှင့်ဆန္ဒပြသူများ အဓိကရုဏ်းဖြစ်ပွားစဉ် ရဲတပ်ဖွဲ့ဝင်များက ကျည်အစစ်များ အသုံးပြုသဖြင့် ဆန္ဒပြသူအများအပြား ထိမှန်ဒဏ်ရာရကြောင်း ပို့ဆက်မြို့အရေးပေါ် ဆောင်ရွက်ရေးအရာရှိများက ပြောကြားသည်။

ပိုမိုကြီးထွားလာခဲ့

ယင်း အကြမ်းဖက် အဓိကရုဏ်းများသည် အီဂျစ်နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်း တွေ့ချိန်တွင်ဖြစ်ပွားနေခြင်းဖြစ်သည်မှာ ထင်ရှားသည်။ အမှန်စင်စစ် ပြီးခဲ့သည့်နှစ်က ပါလီမန်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲများ၌ အစ္စလာမ္မစ်ဝါဒီများ အာဏာရလာကတည်းက အီဂျစ်နိုင်ငံ၌ အစ္စလာမ္မစ်လိုလားသူတို့က တစ်ဖက်၊ လစ်ဘရယ်နှင့် လောကီရေးသက်သက်ဝါဒီများက တစ်ဖက် နှစ်ခြမ်းကွဲမှု ပိုမိုကြီးထွားလာခဲ့သည့် ရလဒ်ပင်မဟုတ်ပါလား။ နိုင်ငံရေးပါတီများ အမြင်ရှင်းပြီး ပြည်သူအချင်းချင်း ညီညွတ်မှုမရှိသမျှ ထိုအဆိုးသံသရာမှ လွတ်မြောက်နိုင်မည်မဟုတ်ပါချေ။

သုတကျော်-ရေးသည်

အဝလွန်မျိုးဗီဇသည် အရေပြားကင်ဆာဖြစ်ပွားနိုင်မှုအန္တရာယ်များဟုဆို

အဝလွန်မှုဖြစ်ပေါ်စေနိုင်သည်ဟု ယခင်တွေ့ရှိထားသည့် မျိုးဗီဇသည် အသက်အန္တရာယ်များစွာရှိသည့်အရေပြားကင်ဆာဖြစ်ပွားမှုနှုန်း တိုးပွားခြင်းနှင့် နီးနွယ်ဆက်စပ်မှုရှိနေကြောင်း သဘာဝ မျိုးဗီဇလက္ခဏာများဂျာနယ်တွင် သုတေသနပညာရှင်တို့က ရေးသားဖော်ပြခဲ့သည်။

FTO မျိုးဗီဇ သို့မဟုတ် အဝလွန်မျိုးဗီဇဆိုသည့် Intron-8 ဟု သတ်မှတ်ခေါ်တွင်သည့် မျိုးဗီဇသည် အရေပြားကင်ဆာဖြစ်ပွားမှုနှင့် ဆက်စပ်မှုရှိသည်ဟု ၎င်းသုတေသနပညာရှင်အဖွဲ့က ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

လိဒ်တက္ကသိုလ်မှ ပညာရှင်များဦးဆောင်သည့် ယခုသုတေသနအဖွဲ့သည် လူပေါင်း ၇၃၀၀၀ ၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ သုတေသနပြုခဲ့သည်။ ထိုသို့ သုတေသနပြုချက်အရ FTO အဝလွန် မျိုးဗီဇနှင့် အရေပြားကင်ဆာ ဆက်စပ်ဖြစ်ပွားမှုရှိသည်ကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ယင်းမျိုးဗီဇသည် အရေပြားကင်ဆာရောဂါနှင့် ပတ်သက်ဆက်စပ်မှုရှိသည်ကို ပထမဆုံးတွေ့ရှိ ဖော်ထုတ်နိုင်ခြင်းဖြစ်ကြောင်း မူလက မျိုးဗီဇလက္ခဏာများအပေါ် တွေးထင်မှန်းဆမှုများထက် မျိုးဗီဇ၏ အခန်းကဏ္ဍသည်ပိုမိုကျယ်ဝန်းနက်ရှိုင်းသည်ကို သုတေသနရလဒ်အား ဖော်ပြနေကြောင်း ယင်းတို့အဖွဲ့က ဆိုသည်။

ယခုနိုင်ငံတကာ စုပေါင်းသုတေသနအဖွဲ့က အရေပြားကင်ဆာဝေဒနာသည် ၁၃၀၀၀ နှင့် ရောဂါမရှိသူ ၆၀၀၀၀ တို့၏ မျိုးဗီဇကို သုတေသနပြုလုပ်ကာ ယခုကဲ့သို့ တွေ့ရှိဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ FTO မျိုးဗီဇသည် အရေပြားကင်ဆာဖြစ်ပွား ပျံ့နှံ့မှုကို ပိုမိုကြီးထွားစေကြောင်း၊ ယင်းမျိုးဗီဇသည် ယခင်သုတေသနတွေ့ရှိထားချက်အရ အဆီပိုအဝလွန်မှုနှင့် အစားကြူးခြင်းကို တွန်းအားပေးသော မျိုးဗီဇဖြစ်ကြောင်း၎င်းတို့က ပြောကြားသည်။

ယင်းမျိုးဗီဇသည် အခြားရောဂါများဖြစ်စေနိုင်သော နီးနွယ်မှုရှိနေသည့် မျိုးဗီဇတစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အလွန်ဝဖြိုးခြင်းကိုလည်း ဖြစ်စေနိုင်သည့် မျိုးဗီဇပင်ဖြစ်သည်ဟု သုတေသနစာတမ်းတွင် ရေးသားခဲ့သည်။ ယူနိုက်တက်ကင်းဒမ်း၌ ကင်ဆာဖြစ်ပွားမှု အများဆုံးတွင် အရေပြားကင်ဆာသည် အဆင့်ငါးနေရာတွင်ရှိသည်။ နှစ်စဉ် အရေပြားကင်ဆာကြောင့် သေဆုံးသူဦးရေ ၂၂၆၀ ဝန်းကျင်ရှိနေသည်။

၁၉၉၃/၄-၂၀၀၁/၂ ရန်ကုန်အဝေးသင်တက္ကသိုလ်(ဥပဒေ) ကျောင်းသား ကျောင်းသူဟောင်းများသို့ ပန်ကြားလွှာ

ရန်ကုန်အဝေးသင်တက္ကသိုလ်၏(၁၉၉၃-၁၉၉၄)ခုနှစ်မှ (၂၀၀၁-၂၀၀၂)ခုနှစ်အထိ ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၆-၄-၂၀၁၃ရက်တွင် ကျင်းပမည်ဖြစ်ပါသဖြင့် အာစရိယပူဇော်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းရန် ဦးနိုင်ဝင်း ဖုန်း-၀၉-၈၆၂၆၂၈၀၊ ဦးအေးမောင် ဖုန်း-၀၉-၇၃၁၉၆၀၅၆၊ ဦးမောင်မောင်ဝေ ဖုန်း-၀၉-၅၁၀၆၈၄၀၊ ဦးမိုးညီထွတ် ဖုန်း-၀၉-၇၃၀၀၈၅၄၃၊ ဦးဇော်ဝင်းနိုင် ဖုန်း-၀၉-၇၃၀၅၅၅၇၀၊ ဒေါ်ဘေဘီသိန်း ဖုန်း-၀၉-၇၃၁၀၅၄၃၄တို့ထံ ဆက်သွယ်၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် ပန်ကြားအပ်ပါသည်။

နေ့ရက်/အချိန် - ၁၆-၃-၂၀၁၃ရက်(စနေနေ့) ညနေ ၃:၀၀ နာရီ
နေရာ - စိမ်းလန်းစိုပြည်စားသောက်ဆိုင်(အင်းလျားလမ်း)



နိုင်ငံတကာသတင်း

အီရတ်နိုင်ငံအတွင်း ဆီးရီးယားစစ်သားများ တိုက်ခိုက်ခံရ

အီရတ်နိုင်ငံအနောက်ပိုင်းတွင် ဆီးရီးယားစစ်သား ၄၀ နှင့် အီရတ်တပ်ဖွဲ့ဝင်အချို့ တိုက်ခိုက်ခံရပြီး သေဆုံးသွားကြောင်း ဘဂ္ဂဒက် တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းဆီးရီးယားစစ်သားများသည် လွန်ခဲ့သော သီတင်းပတ်ကုန်ပိုင်းက သူပုန်တိုက်ခိုက်မှုမှ လွတ်မြောက်ရန် အီရတ်နိုင်ငံအတွင်း နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့သူများ ဖြစ်သည်။ ၎င်းတို့သည် အန်ဘာပြည်နယ်အတွင်း နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာစဉ် သေနတ်သမားများက တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ယီမင်ပိုင်မြေ ဆော်ဒီဝင်သိမ်း

ဆော်ဒီအာရေဗျနိုင်ငံက အိမ်နီးချင်းယီမင်နိုင်ငံရှိ ရေနံအမြောက်အမြား ထွက်နိုင်သည့်မြေများကို သိမ်းပိုက်လိုက်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဆော်ဒီအာရေဗျအစောင့်တပ်များက ယီမင်နိုင်ငံ အနောက်ပိုင်း အယ်လ်ဂျော့ဖ်ပြည်နယ်အတွင်း ဝင်ရောက်ပြီး သုံးကီလိုမီတာ (၁ ဒသမ ၈ မိုင်ခန့်)၌ ရေနံထွက်နိုင်သည့်မြေကို သိမ်းပိုက်ထားကြောင်း အာရပ်သတင်းဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြသည်။

ရုရှားတိုက်ခိုက်ရေးရဟတ်ယာဉ်များ အီရတ်နိုင်ငံက လက်ခံရရှိမည်

အီရတ်နိုင်ငံက ရုရှားနိုင်ငံမှပေးပို့သော တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် လေကြောင်းကာကွယ်ရေးစနစ်များကို ယခုနွေရာသီမတိုင်မီ လက်ခံရရှိလိမ့်မည်ဖြစ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟို့စ်ယာဇာဘာရီက ပြောကြားသည်။ ရုရှားမှ အီရတ်သို့ပို့သည့် ပထမဆုံးလက်နက်များ နွေရာသီမတိုင်မီ လက်ခံရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ဇာဘာရီက ဂိုလော့ရော့ဆိုင်းရေဒီယိုနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ ရုရှား လုပ် Mi-28 တိုက်ခိုက်ရေးရဟတ်ယာဉ် ၃၀ နှင့် Pantsir-51 အမည်ရှိ လေကြောင်းကာကွယ်ရေးစနစ် ၄၂ ခုကို အီရတ်နိုင်ငံက မှာယူထားသည်ဟု ဆိုသည်။

ယင်းလက်နက်ရောင်းချရေး စာချုပ်ကို ရုရှားဝန်ကြီးချုပ် မက်ဗီဒက်ဗ်နှင့် မာလီကီတို့ ၂၀၁၂ ခုနှစ် အောက်တိုဘာလက စာချုပ်ထားသည်။ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံဖိုးရှိသည်။ ရုရှားနိုင်ငံသည် အမေရိကန်ပြီးလျှင် အီရတ်နိုင်ငံ၏ ဒုတိယအများဆုံး လက်နက်ပေးပို့ရောင်းချသည့် နိုင်ငံဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အမေရိကန်မှ လော့ခ်ဟိမာတင် F-16 တိုက်လေယာဉ်များလည်း အီရတ်တို့က မှာယူထားသည်။

အီရန်ကို အမေရိကန်ခြိမ်းခြောက်

အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ မတ် ၄ ရက်က ဝါရှင်တန်ဒီစီ၌ ပြုလုပ်သော အမေရိကန်အစ္စရေးပြည်သူ့ရေးရာကော်မတီ နှစ်ပတ်လည်ညီလာခံတွင် ပြောကြားလိုက်သည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် လိမ်လည်လှည့်ဖြားတတ်သူမဟုတ်ကြောင်း၊ အီရန်က နျူကလီးယားလက်နက်ရယူပိုင်ဆိုင်ရန် ကြိုးစားလျှင် စစ်ရေးအရ တားဆီးရလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်တို့အနေဖြင့် အီရန်နှင့် စစ်ပွဲကို စတင်ရန်မလိုလားကြောင်း၊ သံတမန်နည်းလမ်းအရ ချဉ်းကပ်မှုကို ပိတ်ထားမည်ဆိုလျှင် တစ်ခုခုရွေးချယ်နိုင်ကြောင်း ဂျိုးဘိုင်ဒင်က မှတ်ချက်ပြုပြောကြားခဲ့သည်။ ၂၀၁၂ ခုနှစ် နှစ်ဆန်းမှစပြီး အမေရိကန်နှင့် အီးယူက အီရန်၏ ရေနံနှင့် ငွေကြေးဆိုင်ရာကဏ္ဍများတွင် အခြားနိုင်ငံများက ရောင်းဝယ်ဖောက်ကားခြင်းမပြုရန် အရေးယူမှုအသစ်ပြုလုပ်ခဲ့သည်။

ဗင်နီဇွဲလားသမ္မတ ရောဂါဆိုးရွား

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် ကင်ဆာရောဂါခွဲစိတ် ကုသမှုခံယူပြီးနောက် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်မှုရောဂါ ခံစားနေရကြောင်း ဗင်နီဇွဲလားအစိုးရက ပြောကြားသည်။

မစ္စတာချာဗက်ဇ်၏ အခြေအနေသည် အလွန့်အလွန် စိုးရိမ်နေရဆဲဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီး ဗီလက်ဂတ်စ်က ပြောကြားသည်။ အသက် ၅၈ နှစ်အရွယ်ရှိ မစ္စတာချာဗက်ဇ်သည် ကာရာကတ်စ်စစ်ဆေးရုံ၌ ကုသမှုခံယူလျက်ရှိရာ ရောဂါအခြေအနေဆိုးရွားနေသည်ဟု ဆိုသည်။

မြင့်မောင်စိုး-စုစည်းသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မရွှေ့ရွှေ့အောင် ဝိုင်း၍ရွှေ့ကြပါစို့

တောသားလေး

အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများမှာ ပထမတန်း မြန်မာဖတ်စာပါ **"ဖွန်ပန်းရုံအနီးနှံ့ထဲ၌ ကျွဲနေသော လှည်းဘီး"** နှင့် တူနေသည်။ အတိတ်ကာလမှ ဆက်ခံလာရသည့် ပြဿနာဟောင်းများ၊ ပြုပြင်ပြောင်းလဲရာတွင် တွေ့ကြုံလာရသည့် စိန်ခေါ်မှုအသစ်များ စသည့် ဝန်ထုပ်ဝန်ပိုးများက လေးလံလွန်းလှသည်။ ပြိုင်တူဝိုင်း၍ အစွမ်းကုန်တွန်းကြမှသာ ရွှေ့နိုင်မည့်အခြေရှိသည်။

ယနေ့အခြေအနေမှာ "ဝိုင်းပါဟေ့၊ ဝန်းပါဟေ့၊ တွန်းပါဟေ့"ဟု ညာသံပေးနေသော်လည်း လှည်းဘီးက လှုပ်လီလှုပ်လဲ့သာ ရွေ့နေသေးသည်ကို အများက အားမလိုအားမရ ရှိနေကြသည်။ စင်စစ်၌ ကိုယ့်အသိ စိတ်ဓာတ်ဖြင့် အားစိုက်တွန်းနေသူများလည်း ရှိပါသည်။ **"လျှော့ယိမ်းလိုက်၊ အသာယိမ်းလိုက်"** လုပ်နေကြသူများလည်းရှိသည်။ ကိုယ်တိုင် ဝင်တွန်းဖို့ မကြိုးစားဘဲ မရွေ့ရကောင်းလားဟု ဘေးမှထိုင်၍ အပြစ်တင်နေကြသူများလည်း ရှိသည်။ "ဘုမသိ၊ ဘမသိ" ရပ်ကြည့် ဝိုင်းအုံနေကြသူများလည်း ရှိသည်။

တွန်းသူက တွန်းသည့်တိုင် အရွေ့ခက်နေသည့် အကြောင်းများတွင် လှည်းဘီးကိုယ်တိုင်၌ ချွတ်ယွင်းအားနည်းချက်နှင့် ပတ်ဝန်းကျင်အခြေအနေအကြောင်းတရားများလည်း ရှိနိုင်သည်။ လှည်းပုံတောင်းဝန်ရိုး၌ ကြိုးနီစနစ် သံချေးအလိမ့်လိမ့်တက်နေသောကြောင့် "ချောဆီ"ထည့်ဖို့ လိုနေသည်များလည်း ရှိနိုင်သည်။ လှည်းဘီးရှေ့တွင် ကျောက်တုံးခံနေခြင်းမျိုး ရှိနိုင်သလို အချို့အခြေအနေများတွင် တမင်သက်သက် မရွေ့စေလိုသောကြောင့် 'ဂျမ်း'တုံးခံထားခြင်းမျိုးလည်း ရှိနိုင်ပါသည်။

လေ့လာသူအများစုက ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ အထက်အဆင့်တွင် ပြင်းပြသောနိုင်ငံရေး သန္နိဋ္ဌာန် (Strong Political Will) ရှိနေသော်လည်း အောက်ခြေလူထု၊ လူတန်းစားများအထိ ရောက်ရှိမလာသေးသည့် "ဆင်းသက်ရောက်ရှိမှု ပြဿနာ" (Trickle Down Problam) ရှိနေသည်ဟု ထောက်ပြကြသည်။ ထိုသို့ အောက်ခြေအထိ ရောက်မလာခြင်းမှာ မူဝါဒဆုံးဖြတ် ချမှတ်သူများအဆင့်မှ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သူများအဆင့်သို့ အရောက်တွင် အထစ်အငေါ့၊ အခက်အခဲများ စတင်ပေါ်ပေါက်လာပြီး ဆက်၍ အရွေ့နှေးသွားခြင်းကြောင့် ဖြစ်ပုံရသည်။

ဤတွင် လက်တွေ့ဖော်ဆောင်နေသည့် အုပ်ချုပ်မှုယန္တရားမှ ပြည်သူ့ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံနေရသော ပြည်သူတို့အကြား၌ အဖုအထစ်နှင့် ပွတ်တိုက်မှုအားများ ရှိလာသည်။ ယင်းအတွက် အကြောင်းအမျိုးမျိုး ရှိနိုင်ပါသည်။ ပြုပြင်ပြောင်းလဲရေးဟုဆိုသော်လည်း ပြောင်းဖို့လို/မလိုပင် ဝေခွဲမရဖြစ်နေသူများ **"ယခင်အတိုင်းပဲ အလုပ်ဖြစ်နေသားနှင့်ဟု နေမြဲတိုင်း နေလိုသည့်သူများ"**လည်း ရှိနိုင်သည်။ ပြောင်းရမည်ကို သိသော်လည်း မပြောင်းတတ်၍ လုပ်နေကျအတိုင်းသာ လုပ်နေရသည့် **"စွမ်းရည်ချို့တဲ့သူများ"**လည်း ရှိနိုင်သည်။ ပြောင်းလိုက်လျှင် လက်ရှိစားသာနေသော အကျိုးစီးပွား **'ခွင်'** ပျောက်ဆုံးသွားမည်စိုးသောကြောင့် "မပြောင်းချင်သူ" များလည်းရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ အချိန်နှင့် ဒီရေကတော့ လူကိုစောင့်ရိုးမရှိပါ။ ယခုပင်လျှင် အစိုးရသစ်သက်တမ်း နှစ်နှစ်ရှိလာပြီး သက်တမ်းတစ်ဝက် မှတ်တိုင်သို့ ချဉ်းကပ်လာပြီ ဖြစ်ပါသည်။ ဤအခြေအနေ၌ အရွေ့နှေးနေသည်ကို ဒီအတိုင်း ထိုင်ကြည့်နေ၍မဖြစ်တော့ပါ။

သို့ဖြင့် နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲရေး တတိယအဆင့်၌ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ရှားမှုတစ်ရပ်အဖြစ် 'ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့'ကို မကြာမီက စတင်ဖွဲ့စည်း ဆောင်ရွက်လိုက်ပါသည်။ ဤအကဲဖြတ်အဖွဲ့မှာ'အကဲဖြတ်အဖွဲ့' ဆိုသည့်အတိုင်း မရွေ့သည်များကို ကိုယ်တိုင်ဝင်၍ တွန်းမည်တော့ မဟုတ်ပါ 'ဘာကြောင့် မရွေ့သနည်း၊ ဘယ်လိုပြုပြင်ဖန်တီးလိုက်လျှင် ရွေ့လာမည်နည်း'ဆိုသည်ကို လေ့လာအကဲဖြတ်၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း အကူအညီပေးမည့် အဖွဲ့သာဖြစ်ပါသည်။

အထူးသဖြင့် ပြည်သူများနှင့် ထိတွေ့နေရသည့် ဌာနဆိုင်ရာလုပ်ငန်းများတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ စွမ်းဆောင်မှု (Performance) များ ပိုမိုလျင်မြန်သွက်လက်လာအောင် ဦးစားပေးလေ့လာအကဲဖြတ်သွားမည့် အဖွဲ့ဖြစ်ပါသည်။

ဤအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခွင့်ရသည့်အတွက် အလုပ်ပိုများလာသော်လည်း ဌာနပေါင်းစုံ၏ ပြည်သူနှင့်ထိတွေ့နေသော လုပ်ငန်းဆောင်တာများကို ရှုထောင့်စုံမှ လေ့လာခွင့်ရသောကြောင့် စိတ်ဝင်စားဖွယ်ကောင်းလှသလို များစွာအသိအမြင် တိုးပွားလာရပါသည်။

အကဲဖြတ်အဖွဲ့အနေဖြင့် အစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနအားလုံး၏ လုပ်ငန်းဆောင်တာများကို တစ်ပြိုင်တည်း ခြုံငုံလေ့လာနိုင်စွမ်းမရှိသဖြင့် လုပ်ငန်းဦးစားပေးအလိုက် နယ်ပယ်များရွေးချယ်ခဲ့ရပါသည်။ ပထမဆုံးလေ့လာခဲ့သည့်နယ်ပယ်မှာ ကုန်သွယ်မှု(ပို့ကုန်/သွင်းကုန်) ဆောင်ရွက်ရာ၌ အောင်မြင်မှုရှိအောင် မည်သို့ ဖြည့်ဆည်း ဖော်ဆောင်သင့်သည်ဟူသော (Trade Facilitation) နယ်ပယ်ဖြစ်ပါသည်။

ဤနယ်ပယ်၌ လက်တွေ့ဆောင်ရွက်နေသည့် အစိုးရဌာနများစွာရှိသည်။ စီးပွား/ကူးသန်း၊ အကောက်ခွန်၊ ဆိပ်ကမ်း၊ ဘဏ်၊ အာမခံ စသည့်ကုန်သွယ်မှုနှင့် တိုက်ရိုက်ပတ်သက်နေသည့် ဌာနများရှိသလို ပို့ကုန်/သွင်းကုန်များနှင့် ပတ်သက်၍ စိစစ်ထောက်ခံ စစ်ဆေးပေးရသည့် ဌာနများစွာလည်းရှိနေသည်။ ပို့ကုန်/သွင်းကုန် အမျိုးအစားများပြားသလောက် ကုန်စည်တင်ပို့/တင်သွင်းသည့် ကုန်သည်များ၊ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများကလည်း ထိတွေ့ဆက်ဆံသူ (Client) များအဖြစ် ကျယ်ပြန့်စွာပါဝင်နေသည်။ ကုန်သွယ်မှု လုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးမှု၏ အဓိက မောင်းနှင်အားတစ်ရပ်ဖြစ်ရာ ဤလုပ်ငန်းထိရောက်အောင်မြင်မှသာ ထုတ်လုပ်ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းစဉ် တစ်ခုလုံး ကြီးပွားတိုးတက်မည်ဖြစ်၍ အလွန်အရေးကြီးသော ဂိတ်တံခါးတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

ယင်းဂိတ်တံခါးဝတွင် အစစ်အဆေး၊ အတောင်းအရမ်းထူပြောသည်နှင့်အမျှ အချိန်၊ လုပ်ငန်းအဆင့်နှင့် ကုန်ကျစရိတ်ဟူသည့် စွမ်းဆောင်ရည်တိုင်းတာမှု ညွှန်မှတ်များနိမ့်ကျပြီး ထိတွေ့ဆက်ဆံရသည့် ပြည်သူများ၏ အဆင်မပြေမှုများ တိုးပွားလာသကဲ့သို့ မိမိနိုင်ငံ၏ ယှဉ်နိုင်စွမ်း (Conpetency) လည်း လျော့ကျကာ **"ဓားမနောက်ပိတ်ခွေး"** ဘဝ၌ ရောက်နေလိမ့်မည် ဖြစ်သည်။

ပထမဦးစွာ ကုန်သွယ်မှုလုပ်ငန်းများတွင် ပင်မအရင်းခံဖြစ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်ကို လေ့လာခွင့်ရခဲ့ပါသည်။ ကုန်စည်တင်သွင်းတင်ပို့သူများအနေဖြင့် ပထမဦးစွာ ရင်ဆိုင်ရသည့်အဆင့်မှာ သွင်းကုန်၊ ပို့ကုန် လိုင်စင်နှင့် ပါမစ်ယူရခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အချိန်နှင့် ဒီရေကတော့ လူကိုစောင့်ရိုးမရှိပါ။ ယခုပင်လျှင် အစိုးရသစ်သက်တမ်း နှစ်နှစ်ရှိလာပြီး သက်တမ်းတစ်ဝက် မှတ်တိုင်သို့ ချဉ်းကပ်လာပြီဖြစ်ပါသည်။ ဤအခြေအနေ၌ အရွေ့နှေးနေသည်ကို ဒီအတိုင်း ထိုင်ကြည့်နေ၍ မဖြစ်တော့ပါ။

သွင်းကုန်ပို့ကုန် လိုင်စင်နှင့် ပါမစ် ထုတ်ပေးခြင်းများကို အင်တာနက်၊ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်သည်။ လူဖြင့်လုပ်ရသည့် ခေတ်ထက်စာလျှင် လုပ်ငန်းလုပ်ဆောင်ချိန် လျော့ကျသွားသော်လည်း အပြည့်အဝကွန်ပျူတာဖြင့်လုပ်သည့် အဆင့်အထိ မရောက်နိုင်သေး၊ လူနှင့်စာရွက်တစ်ပိုင်း၊ ကွန်ပျူတာနှင့် အွန်လိုင်းတစ်ပိုင်း လုပ်နေရသေးသည်။ ပို့ကုန်အတွက် စုစုပေါင်းအဆင့်(၁၀)ဆင့်ကို လိုင်စင်တစ်စောင်လျှင် ပျမ်းမျှ ကြာမြင့်ချိန် ၄၀ မိနစ်မှ ၅၅ မိနစ် ကြာမြင့်သည်။ သွင်းကုန်အတွက်လည်း ပျမ်းမျှ ၃၅ မိနစ်မှ မိနစ် ၇၀ အထိ ကြာမြင့်ပြီး တစ်ရက်လျှင် ပျမ်းမျှလိုင်စင် ၂၆၇ စောင်ကို ဌာနစိတ် ကိုးခုခွဲ၍ ကိုင်တွယ်ရသည်။ ထို့ကြောင့် ဌာနစိတ် တစ်ခုလျှင် လိုင်စင်စောင်ရေ ပျမ်းမျှ ၃၀ ခန့် ကိုင်တွယ်ရပြီး ယေဘုယျအားဖြင့် လိုင်စင်လျှောက်ထားသူ တစ်ဦးသည် နေ့တစ်ဝက်ခန့် အချိန်ယူရသည်။ ဝမ်းမြောက်ဖွယ် အချက်မှာ မတ် ၁ ရက်မှစ၍ သွင်းကုန် ၁၆၆ မျိုး၊ ပို့ကုန် ၁၅၂ မျိုးကို လိုင်စင်ရယူရန်မလိုဘဲ ခွင့်ပြုလိုက်ခြင်းပင် ဖြစ်သည်။

လိုင်စင်ရရေးအတွက် နေ့တစ်ဝက်ဆိုသော်လည်း တွဲ၍ပါရသည့် ဌာနဆိုင်ရာထောက်ခံချက်များ ရရှိရေးအတွက် တောင်းခံရသည်က ရက်သတ္တပတ်နှင့်ချီ၍ ကြာမြင့်နိုင်သည်။ အစားအသောက်နှင့် ဆေးဝါးများ စိစစ်ခြင်းနှင့် သစ်ပင်ရောဂါ၊ တိရစ္ဆာန်ရောဂါစိစစ်ခြင်းတို့မှာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်း ဖြစ်သော်လည်း ကြာမြင့်ချိန်ကို လျှော့ချနိုင်ရေးအတွက် လေ့လာရဦးမည်ဖြစ်သည်။ ကျန်ထောက်ခံချက်များမှာ ပြည်တွင်း လိုအပ်ချက်အရ (တစ်ချိန်တစ်ခါက) သတ်မှတ်တောင်းခံခြင်း ဖြစ်သော်လည်း ယခုလက်ရှိ အနေအထားတွင် လို/မလို လေ့လာဆွေးနွေးရဦးမည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၅ ခုနှစ်၌ အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်သည့်အခါ ဆာဆီယံပြတင်းပေါက် (Single Window) စနစ်ကျင့်သုံးရတော့မည်ဖြစ်ရာ ဒေသတစ်ခုလုံး သတ်မှတ်ပုံစံ၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာရတော့မည်ဖြစ်ပြီး အခွန်အကောက်မဟုတ်သော ကုန်သွယ်မှုအတားအဆီးများ (Non-Tarrif Barrier)NTB ကို ဖျက်သိမ်းပေးရမည်ဖြစ်သည့်အတွက် ယခုကပင် ပြင်သင့်သည်ပြင်၊ ဖြုတ်သင့်သည်ဖြုတ်၊ ပြောင်းသင့်သည်ပြောင်း စသည်ဖြင့် ဆောင်ရွက်ကြရတော့မည် ဖြစ်ပါသည်။

မေတ္တာအာဝါသ စေတနာရှင်များအဖွဲ့ စာသင်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်း

စဉ့်ကိုင် မတ် ၅

မန္တလေး GTI စက်မှုလက်မှုသင်တန်းကျောင်းဆင်းလူငယ်များ ဦးဆောင်ဖွဲ့စည်းသော မေတ္တာအာဝါသ စေတနာရှင်များအဖွဲ့မှ စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းတောင်ရိုး ချောင်းမကြီးကျေးရွာ အမှတ် (၂၇) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက ယင်းကျောင်းဆောင်၌ ကျင်းပသည်။ ချောင်းမကြီးကျေးရွာ ဘုန်းတော်ကြီးသင်ကျောင်းမှာ မူလက နှစ်ခန်းပတ်လည် သွပ်မိုးထရံကာ၊ ကြမ်းခင်းကျောင်းဆောင်လေးမျှသာဖြစ်ပြီး ကျောင်းသားဦးရေနှင့်မမျှတသောကြောင့် သင်ကြားရေး၌ အခက်အခဲဖြစ်လျက်ရှိသည်။ **(အပေါ်ပုံ)**

ယခု မေတ္တာအာဝါသစေတနာရှင်များအဖွဲ့က ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းဆောင်မှာ ၄၅ ပေ× ၁၅ပေရှိပြီး သွပ်မိုး၊ အုတ်ခင်းဖြစ်ကာ အပူခံပြားများ ထည့်သွင်းတည်ဆောက်ထားသည့်အပြင် လေဝင်လေထွက် အထူးကောင်းမွန်ကြောင်း သိရသည်။ ယခုအခါ ကျောင်းသားဦးရေနှင့်စာသင်ခန်း အချိုးအစားမျှတပြီး လွတ်လပ်အေးချမ်းစွာ ပညာသင်ကြားနိုင်သောကြောင့် ဒေသခံများ အထူးဝမ်းမြောက်ဝမ်းသာရှိနေကြောင်း သိရသည်။ **(၁၆၀)**

နွေရာသီအခြေခံ ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ HAN Golf Masters Academy က မတ် ၁၁ ရက်မှ ၁၇ ရက်အထိ အခြေခံနှင့်မွမ်းမံသင်တန်းကို နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများသည် မတ် ၁၀ ရက်ထက် နောက်မကျစေဘဲ သင်တန်းကြေး ငွေကျပ် ငါးသောင်းနှင့်အတူ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ဖုန်း-၀၁-၆၅၁၇၉၇၊ ၀၉-၂၀၃၇၆၇၁ နှင့် ၀၉-၄၉၁၀၂၀၀၉ တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မောင်ကျော်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့
ရုံးအမှတ်-၃၂၊ နေပြည်တော်
(၂၀၁၃ ခုနှစ်၊ မတ်လ ၄ ရက်)
ဒုတိယစာရင်းအင်းမှူး ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးဖြေဆိုမည့်နေ့ ကြေညာခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ နေပြည်တော်တွင် ၂-၂-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယစာရင်းအင်းမှူး (လစာနှုန်း-၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာများအတွက် ရေးဖြေ စာမေးပွဲအောင်မြင်သူများကို ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင် ၉-၃-၂၀၁၃ ရက်နှင့် ၁၀-၃-၂၀၁၃ ရက်တို့တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၉-၃-၂၀၁၃ ရက် (စနေနေ့)တွင် လာရောက်လူတွေ့စစ်ဆေးခံရမည့် ရေးဖြေအောင်မြင်သူ ခုံနံပါတ်များ ၁၁၊ ၂၅၊ ၂၇၊ ၂၈၊ ၃၁၊ ၃၂၊ ၃၈၊ ၄၁၊ ၄၂၊ ၄၈၊ ၅၃၊ ၆၃၊ ၆၄၊ ၆၈၊ ၇၇၊ ၈၂၊ ၈၆၊ ၉၀၊ ၉၁၊ ၉၉၊ ၁၀၀၊ ၁၂၀၊ ၁၃၀၊ ၁၃၁၊ ၁၃၆၊ ၁၃၇၊ ၁၄၃၊ ၁၄၅၊ ၁၅၂၊ ၁၅၅၊ ၁၆၁၊ ၁၆၄၊ ၁၆၅၊ ၁၆၈၊ ၁၇၃၊ ၁၇၄၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၄၊ ၁၈၅၊ ၁၉၀၊ ၁၉၅၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၀၄၊ ၂၀၈၊ ၂၁၂၊ ၂၁၅၊ ၂၃၀၊ ၂၃၆၊ ၂၃၈၊ ၂၄၀၊ ၂၄၅၊ ၂၄၆၊ ၂၅၀၊ ၂၅၁၊ ၂၅၃၊ ၂၆၄၊ ၂၆၆၊ ၂၇၉၊ ၂၈၁၊ ၂၈၈၊ ၂၈၉၊ ၂၉၆၊ ၃၀၀၊ ၃၀၂၊ ၃၀၅၊ ၃၁၂၊ ၃၁၄၊ ၃၁၆၊ ၃၁၈၊ ၃၂၆၊ ၃၂၈၊ ၃၃၂၊ ၃၃၄၊ ၃၃၈၊ ၃၄၄၊ ၃၄၉၊ ၃၅၁၊ ၃၅၄၊ ၃၆၈၊ ၃၈၆၊ ၃၈၇၊ ၄၁၄၊ ၄၁၆၊ ၄၂၀၊ ၄၂၅၊ ၄၂၇၊ ၄၃၁၊ ၄၃၇၊ ၄၄၀၊ ၄၄၅၊ ၄၄၉၊ ၄၅၂၊ ၄၅၃၊ ၄၅၅၊ ၄၆၁၊ ၄၆၂၊

၁၀-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် လာရောက် လူတွေ့စစ်ဆေးခံရမည့် ရေးဖြေအောင်မြင်သူ ခုံနံပါတ်များ-၄၆၇၊ ၄၇၀၊ ၄၇၂၊ ၄၇၃၊ ၄၇၇၊ ၄၇၈၊ ၄၇၉၊ ၄၈၇၊ ၄၉၉၊ ၅၀၉၊ ၅၁၀၊ ၅၂၁၊ ၅၃၇၊ ၅၄၁၊ ၅၄၃၊ ၅၅၁၊ ၅၅၄၊ ၅၆၃၊ ၅၆၅၊ ၅၇၅၊ ၅၇၇၊ ၅၇၉၊ ၅၈၀၊ ၅၈၅၊ ၅၈၇၊ ၅၈၈၊ ၅၉၁၊ ၅၉၆၊ ၅၉၉၊ ၆၀၀၊ ၆၀၄၊ ၆၀၅၊ ၆၀၆၊ ၆၀၈၊ ၆၁၅၊ ၆၁၆၊ ၆၁၈၊ ၆၁၉၊ ၆၂၃၊ ၆၃၂၊ ၆၃၈၊ ၆၄၄၊ ၆၅၀၊ ၆၅၃၊ ၆၅၄၊ ၆၆၅၊ ၆၇၀၊ ၆၇၂၊ ၆၇၅၊ ၆၇၆၊ ၆၇၇၊ ၆၈၅၊ ၆၉၈၊ ၇၀၄၊ ၇၁၀၊ ၇၁၂၊ ၇၁၃၊ ၇၂၇၊ ၇၃၅၊ ၇၃၉၊ ၇၄၈၊ ၇၇၁၊ ၇၈၀၊ ၇၈၄၊ ၇၈၇၊ ၇၉၃၊ ၇၉၆၊ ၇၉၈၊ ၈၀၀၊ ၈၀၃၊ ၈၀၄၊ ၈၀၆၊ ၈၁၁၊ ၈၁၄၊ ၈၁၅၊ ၈၁၉၊ ၈၂၀၊ ၈၂၁၊ ၈၂၄၊ ၈၂၅၊ ၈၂၆၊ ၈၂၇၊ ၈၃၆၊ ၈၄၅၊ ၈၄၇၊ ၈၄၉၊ ၈၅၁၊ ၈၆၁၊ ၈၆၅၊ ၈၆၆၊ ၈၇၁၊ ၈၇၂၊ ၈၇၅၊ ၈၇၉၊ ၈၈၈၊ ၉၀၀၊ ၉၀၈၊ ၉၁၀၊ ၉၁၃၊ ၉၂၀

၂။ လူတွေ့စစ်ဆေးမှုခံယူရန် ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ မိမိတို့ဖြေဆိုရမည့်နေ့ရက်များတွင် နံနက် ၉ နာရီအရောက် သတင်းပို့ကြရန်နှင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား မိမိနှင့်တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဘွဲ့လက်မှတ်မူရင်းများ
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) အမျိုးသားမှတ်ပုံတင်ကတ်မူရင်း

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းကို ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် ၄-၃-၂၀၁၃ ရက်မှစ၍ ကြေညာထားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမှုနှင့်ပတ်သက်၍ သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၃၂၉၊ ၀၆၇-၄၀၆၃၃၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များတွင် ဘေးအန္တရာယ်၊ ရာသီဥတုကြောင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအား ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် သင်တန်းဖွင့်

နေပြည်တော် မတ် ၅

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန (ADPC) တို့ ပူးပေါင်းဖွင့်လှစ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များတွင် ဘေးအန္တရာယ်နှင့် ရာသီဥတုကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအားထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရေး အမျိုးသားအဆင့်သင်တန်းကို မတ် ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်၌ကျင်းပရာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးများ မဖြစ်ပွားအောင် တားဆီး၍မရနိုင်သော်လည်း ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသွားစေရန်နှင့် ဘေးဒဏ်ကို ခုခံနိုင်သည့် လူ့အဖွဲ့အစည်းအဖြစ် ရပ်တည်လာနိုင်စေရန်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO, NGO များနှင့်ပူးပေါင်းလက်တွဲ ဆောင်ရွက်နေပါကြောင်း။

ဘေးအန္တရာယ်နှင့် ဖွံ့ဖြိုးရေးဆက်စပ်နေမှုကို သိရှိနားလည်စေရန်၊ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ လေ့လာသိရှိနိုင်စေရန် အဆိုပါလုပ်ငန်းစဉ်များ၌ ဘေးအန္တရာယ်နှင့် ရာသီဥတုကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအား ထည့်သွင်းရေး ပေါင်းစပ်ဆောင်ရွက်နိုင်မည့် ဒေသတွင်းနိုင်ငံများ၏ ဆောင်ရွက်ထားရှိမှုတို့အားမျှဝေရန် စသည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ အမျိုးသားအဆင့်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှအရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် သဘာဝဘေးအန္တရာယ်ပျက်စီးဆုံးရှုံးမှုများကြောင့် အဟန့်အတားမဖြစ်စေရန် သင်တန်းသို့တက်ရောက်လာကြသူများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ထားကြစေလိုကြောင်း ပြောကြားသွားသည်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေ ရာချထားရေးဦးစီးဌာနအနေဖြင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများပူးပေါင်း၍ အာရှဒေသသဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန (ADPC) ၏နည်းပညာပံ့ပိုးကူညီမှုနှင့် ယခုသင်တန်းတွင် သင်ကြားပို့ချမည့်

ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များတွင် ဘေးအန္တရာယ်နှင့် ရာသီဥတုကြောင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအား ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရေး အမျိုးသားအဆင့် သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သင်ရိုးညွှန်းတမ်းကို ညှိနှိုင်းအစည်းအဝေးအဆင့်ဆင့်ပြုလုပ်၍ ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး၏ပြောကြားချက်အရ သိရသည်။

ဆက်လက်၍ အာရှဒေသ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဌာန (ADPC) ၏အမှုဆောင် ဒါရိုက်တာ DR.KRASAE CHAN AWONGSE က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ၏ ADPC စီမံကိန်းမန်နေဂျာ MR.SUDHIR KUNOR က ပို့ချမည့်သင်ခန်းစာဘာသာရပ်များနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး အခမဲ့အင်တာနက်စင်တာတွင် အသုံးပြုသူ ပိုမိုများပြားလာ

နေပြည်တော် မတ် ၅

မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းမှုဖြင့် အခမဲ့အင်တာနက် ဗဟိုဌာန (Myanmar-Korean Information Access Center) ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဗဟိုစာတိုက်ကြီး၌ ဖွင့်လှစ်ထားရှိရာ ယခုအခါတွင် အသုံးပြုသူ ပိုမိုများပြားလာကြောင်း အဆိုပါ Center ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

၎င်းအင်တာနက်အခမဲ့ Center ကြီးကို ကိုရီးယားနိုင်ငံ National Information Society က ယမန်နှစ်အောက်တိုဘာလအတွင်း လာရောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ကိုရီးယားအမျိုးသား ပြန်ကြားရေးအသင်း (NIS) သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၃၀ ကျော်တွင် IT နှင့်ဆက်သွယ်မှု နည်းပညာဆိုင်ရာ ဗဟုသုတကြွယ်ဝစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့သည်။

နေပြည်တော်ဗဟိုစာတိုက်ကြီးရှိ အင်တာနက်အခမဲ့ Center တွင် ကွန်ပျူတာ ၅၇ လုံးဖြင့် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပေးထားပြီး ယခုအခါ လာရောက်အသုံးပြုသူများ တစ်နေ့တခြား ပိုမိုများပြားလာကြသည်။ အသုံးပြုသူအများစုမှာ ရုံးဝန်ထမ်းများဖြစ်ပြီး ကုမ္ပဏီဝန်ထမ်းများနှင့် အင်တာနက်စိတ်ဝင်စားသူ ပြည်သူအချို့လည်း အသုံးပြုကြသည်ဟု သိရသည်။

ယခုအခါ ၎င်း Center ကြီး၌ အခမဲ့အင်တာနက်အသုံးပြုသူဦးရေ တစ်နေ့လျှင် ၂၀ ကျော်အထိ ပိုမိုများပြားလာကြသည်။ အသုံးပြုသူများအနေဖြင့် အသင်းဝင်ကတ်ပြုလုပ်ရမည်ဖြစ်ပြီး အသင်းဝင်ကတ်ကိုလည်း အခမဲ့ပြုလုပ်ပေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်မတို့ ဒီ Center ကြီးကို ဖွင့်တာ ငါးလကျော်ပါပြီ။ အဓိက ဖွင့်လှစ်ပေးတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာပြည်သူတွေ အင်တာနက် ဗဟုသုတပိုမိုကြွယ်ဝစေရန်နဲ့ ITပညာရပ်ပိုင်းဆိုင်ရာ ပိုမိုကျယ်ပြန့်စေရန် ရည်ရွယ်တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ Training Room တွေ၊ Seminar Room တွေ၊ Software, Hardware ပိုင်းဆိုင်ရာ အခမဲ့သင်တန်းတွေကအစ တိုးချဲ့ဖွင့်လှစ်ပေးသွားဖို့ ရှိပါတယ်" ဟု အဆိုပါ Center မှ တာဝန်ခံ ဒေါ်ငြိမ်းငြိမ်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။ **စိန်လွင် (မြန်မာ့အလင်း)**

မြန်မာနိုင်ငံအစားအစာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅) ညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန (အာဟာရဌာနစိတ်)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ပူးပေါင်း၍ မြန်မာနိုင်ငံ အစားအစာနှင့် အာဟာရဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မန်းမြန်မာဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာနီလာတင်က အစားအစာနှင့် အာဟာရဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို နှီးနွှယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများအားလုံးပါဝင်ပြီး ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ကြောင်း၊ အစားအစာနှင့် အာဟာရဆိုင်ရာ အချက်အလက်များကိုလည်း လူထုဆက်သွယ်ရေးလမ်းကြောင်းများမှလည်း ဖော်ပြသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။ အစည်းအဝေးကို မတ် ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်ရေးရာကဏ္ဍ

● *ပြည်ထောင်စုလွှတ်တော်မှ*

"Convention on the Recognition and Enforcement of Foreign Arbitral Awards,1958 (New York Convention)" သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့က ဆွေးနွေးကြသည်။

ဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက ၁၉၅၈ ကွန်ဗင်းရှင်းကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၂ နိုင်ငံအနက် ၁၄၆ နိုင်ငံက အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးကြောင်းနှင့် မြန်မာ၊ မြောက်ကိုရီးယား၊ အီသီရိုးပီးယား စသည့် နိုင်ငံများသာကျန်ရှိနေကြောင်း၊ အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက် မြန်မာနိုင်ငံမှအပ ကျန်ကိုးနိုင်ငံက ဝင်ရောက်ပြီးဖြစ်ကြောင်း၊ ထို့ပြင် CLMV လေးနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံက ၁၉၆၀ ခုနှစ်၊ ဗီယက်နမ်နိုင်ငံက ၁၉၉၅ ခုနှစ်၊ လာအိုနိုင်ငံက ၁၉၉၈ ခုနှစ်ကတည်းက ဝင်ထားကြောင်းသိရှိရသဖြင့် မိမိနိုင်ငံ၏အားနည်းချက်ကို တွေ့ရမည်ဖြစ်ကြောင်း၊ Convention သို့ဝင်ထားရန်နှင့် ခိုင်ခိုင်မာမာရှိထားရန်တို့မှာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရာတွင် အဓိကမရှိမဖြစ် လိုအပ်ချက်ဖြစ်သည်ဆိုသည်မှာ ပေါ်လွင်နေပါကြောင်း၊ နိုင်ငံတော်၏ စီရင်ပိုင်ခွင့် ပြင်ပရှိနိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ကာကွယ်မှု၊ အကျိုးပြုမှု ရှိနေသည်ဆိုသည်မှာ ထင်ရှားနေသည့်အတွက် New York Convention သို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် လွှတ်တော်မှအတည်ပြုပေးပါရန် ဆွေးနွေးသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်က မိမိတို့ ယခုကဲ့သို့ အခွင့်အရေးများရသည့်အခါ ထိုအခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချနိုင်မှ နိုင်ငံအတွက် အပြည့်အဝအကျိုးရှိနိုင်ပါကြောင်း၊ ယခုကွန်ဗင်းရှင်းဝင်မည်ဆိုလျှင် အဆိုပါကွန်ဗင်းရှင်းဝင်ခြင်း၏ အကျိုးသက်ရောက်မှုများ မိမိတို့နိုင်ငံက ခံစားရမည်ဆိုသော်လည်း ပြည့်ပြည့်ဝဝခံစားနိုင်ရန် မိမိတို့ ပြည်တွင်း အခင်းအကျင်းကလည်း ပြည့်စုံရန်လိုအပ်ပါကြောင်း၊ သမာဓိခုံရုံးဆုံးဖြတ်ချက်ကို လက်မခံခဲ့ပါက ဆက်လက်ပြီး ပြည်တွင်း၌ လုပ်ဆောင်ရမည့် အလုပ်များရှိပါကြောင်း၊ သို့ဖြစ်၍ မိမိတို့ ပြည်တွင်း၏ တရားစီရင်မှုယန္တရားနှင့် တရားစီရင်မှု အခင်းအကျင်းသည် အဆင့်အတန်းမီရန် လိုအပ်ပါကြောင်း၊ မိမိတို့ပြည်တွင်း၌လည်း ခုံရုံးများသည် မည်သို့လုပ်ဆောင်သည်၊ မည်သည့်နည်းလမ်းဖြင့် ဆုံးဖြတ်သည်ဆိုသည်ကို ကျေကျေလည်လည် နားလည်ထားရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏တရားစီရင်ရေးမဏ္ဍိုင် ပိုမိုခိုင်မာရန်လိုအပ်သကဲ့သို့ တရားဥပဒေပညာရှင်များကလည်း ခုံရုံးများနှင့်ပတ်သက်၍ ပိုပြီးပညာများ ဖြည့်စွက်ရန်လိုအပ်မည်ဟုထင်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဤကိစ္စများကို ကျေကျေလည်လည် နားလည်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်များ၏ အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းအဖြစ် ယနေ့မှစပြီး ခုံရုံးလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲများ စတင်ကျင်းပမည်ဖြစ်ကြောင်း၊ ဆွေးနွေးမည့်ပုဂ္ဂိုလ်များမှာလည်း နိုင်ငံတကာအဆင့်နှင့် ခုံရုံးများအကြောင်းကို သေသေချာချာ ကျေကျေလည်လည် နားလည်ထားသည့်ပညာရှင်များ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအပြင် လွှတ်တော်ဝန်ထမ်းများက တက်တက်ကြွကြွပါဝင်ပြီး အဆိုပါဆွေးနွေးပွဲများ၏ အကျိုးအမြတ်ကို ရယူနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ စီးပွားရေးအောင်မြင်ရန် ယုံကြည်မှုပေါ် မူတည်ပါကြောင်း၊ မည်သည့်ဥပဒေပြဋ္ဌာန်း ပြဋ္ဌာန်း၊ မည်သည့်စာချုပ်များ လက်မှတ်ရေးထိုး

အင်းတော် မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ပြောကြားစဉ်။ (မြန်မာ့အလင်း)

သည်ဖြစ်စေ နောက်ဆုံး၌ ရင်းနှီးမြှုပ်နှံရန် စဉ်းစားသူများက မိမိတို့နိုင်ငံအတွင်း အခင်းအကျင်းအပေါ် ယုံကြည်မှုရှိမှသာ မိမိတို့မျှော်မှန်းသည့်၊ မျှော်လင့်သည့် ရင်းနှီးမြှုပ်နှံမှုကို ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမျိုးရရှိရန် မိမိတို့ဘက်မှ ပြင်ဆင်သည့်ကိစ္စများကို ပြင်ဆင်ထားရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အတွင်းအင်အားနှင့် အရည်အချင်းကို မြှင့်တင်နိုင်မှသာ နိုင်ငံခြားမှလာရောက်မည့် အခွင့်အရေးများသည် မိမိတို့ နိုင်ငံသူ နိုင်ငံသားများအတွက် အပြည့်အဝ အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

New York Convention အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရန် စတင်ပြောင်းလဲလာချိန်တွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အကူအညီပံ့ပိုးပေးနိုင်မည့် အဖွဲ့အစည်းများ၊ နိုင်ငံများသည် မိမိတို့နိုင်ငံသို့ လာရောက်ကြကြောင်း၊ ယင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နေပြည်တော် သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သတိထားရမည့်ကိစ္စမှာ အခွင့်အရေးအနေဖြင့် လာပေးမည့်အကူအညီပေးသောနိုင်ငံများ၊ အဖွဲ့အစည်းများအပေါ် တရားလွန်မှီခိုခြင်းမပြုရန် အရေးကြီးပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုသည် အရေးကြီးကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသာမက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကိုပါ ဆိုလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန် မိမိတို့တွင် အခြေခံအဆောက်အအုံလိုအပ်ကြောင်း၊ သို့ဖြစ်၍ New York Convention ကို အဖွဲ့ဝင်နိုင်ငံ အဖြစ်ဝင်ရောက်ရေးကို အားလုံးထောက်ခံသည့်အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ New York Convention သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြောကြား

အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးက "ကွန်ဗင်းရှင်းဆိုတာ နိုင်ငံတကာမှာ သဘောတူညီချက်တွေလုပ်တယ်။ သဘောတူညီချက်တွေကတစ်ဆင့် သဘောတူညီမှုတွေရတယ်။ သဘောတူစာချုပ်တွေ ချုပ်ဆိုကြတယ်။ ကွန်ဗင်းရှင်းဝင်တယ်ဆိုတာ စာချုပ်အဖွဲ့ဝင် နိုင်ငံဖြစ်အောင်လုပ်တာ၊ အခု ကျွန်တော်တို့ စာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်အောင်လုပ်နေတာ၊ စာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်သွားရင် တိုင်းပြည်တစ်ပြည်ဟာ သူ့တိုင်းပြည်အတွင်းမှာဖြစ်စေ၊ အခြားတိုင်းပြည်တစ်ပြည်မှာဖြစ်စေ ကုန်သွယ်မှုနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေဖြစ်ရင် ဖြေရှင်းတဲ့အခါ နိုင်ငံတစ်နိုင်ငံက လုပ်ထားတဲ့ဥပဒေကို အခြားအဖွဲ့ဝင်နိုင်ငံတွေကလည်း လေးစားလိုက်နာကြရတယ်။ ကျွန်တော်တို့နိုင်ငံကလည်း နယူးယောက်ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ရင် ဒီနိုင်ငံရဲ့ ဥပဒေကိုလည်း အခြားအဖွဲ့ဝင်နိုင်ငံတွေက လေးစားလိုက်နာရတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ချမှတ်တဲ့ ဆုံးဖြတ်ချက်ဟာလည်း အခြားတစ်နိုင်ငံမှာ ဥပဒေအရ အကျိုးသက်ရောက်မှုရှိတယ်။ အခု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရှိလာမယ်။ အဲဒီအခါကျရင် လာရောက်ရင်းနှီးမြှုပ်နှံမယ့်နိုင်ငံက သူတို့ ဥပဒေတွေကိုလည်း လေးစားလိုက်နာပါမလား ဆိုပြီး ကြည့်တယ်။ အဲဒီအတွက် နယူးယောက်ကွန်ဗင်းရှင်း ဝင်ထားမထားကို ကြည့်ပါတယ်။ အဖွဲ့ဝင်နိုင်ငံဖြစ်လို့ရှိရင် နိုင်ငံနှစ်နိုင်ငံအကြား အငြင်းပွားမှုတွေဖြစ်ရင် စီးပွားရေး ရင်းနှီးမြှုပ်နှံလာတဲ့ မူရင်းနိုင်ငံရဲ့ ဥပဒေ တရားဝင်တယ်။ ဒါကြောင့် အဖွဲ့ဝင်ဖြစ်ဖို့ ကြိုးပမ်းနေတာပါ" ဟု ပြောပြသည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ရှင်းလင်းတင်ပြကာ အစည်းအဝေးကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အဖွဲ့ဝင် ၁၆ ဦးသည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကျင်းပနေပုံများကိုလေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

သီးနှံအမျိုးအစားအလိုက် စနစ်တကျ ရေစီမံခန့်ခွဲအသုံးပြု တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံနှင့်အဝန်း ပျံ့နှံ့ရေးကြိုးပမ်းဆောင်ရွက်

နေပြည်တော် မတ် ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ငလိုက်ဆည် ရေသောက်စနစ် ကိုးရွာသပြေကုန်းရှိ ခေတ်မီရေဖျန်းစနစ်ဖြင့် စိုက်ပျိုးထားသော မြေပဲသီးနှံ၊ နေကြာသီးနှံစိုက်ခင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် နှစ်ရှည်ဥယျာဉ်သီးနှံစိုက်ခင်း၊ စံနမူနာပြစိုက်ပျိုးထားသော ပုလဲသွယ် နွေစပါးတစ်ဆက်တစ်စပ်တည်း စိုက်ခင်းများ၊ ရက် ၁၀၀သက်တမ်းတိုစပ်မျိုးစပါးစိုက်ခင်းများ ၂၇ ရက်သား သက်တမ်းတွင် ဖြစ်ထွန်းအောင်မြင်နေမှုများ၊ ခေတ်မီရေဖျန်းစနစ်ဖြင့် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသော နှစ်ရှည်သီးနှံပိန္နဲစိုက်ခင်း၊ ကျွဲကောစိုက်ခင်း၊ သရက်စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးအားပေးပြီး မြေကြီးကို ထိရောက်စွာအသုံးပြုနိုင်ရန်အတွက် နှစ်ရှည်ပင်များ မကြီးထွားမီ ကြားကာလတွင် သီးညှပ်အဖြစ် ဒေသရာသီဥတုနှင့်ကိုက်ညီသော ပဲတီစိမ်း သို့မဟုတ် ပဲသီးနှံတစ်မျိုးမျိုးအား ရွေးချယ်၍ ကြားညှပ်သုတေသနပြု စိုက်ပျိုးဆောင်ရွက်သွားရန်၊ သီးနှံအမျိုးအစားအလိုက် စနစ်တကျရေစီမံခန့်ခွဲအသုံးပြုမှုကို အခြားသော ခေတ်မီနိုင်ငံများနည်းတူ တစ်ဆင့်ပြီးတစ်ဆင့်နိုင်ငံနှင့်အဝန်း ပျံ့နှံ့ရေးကြိုးပမ်းဆောင်ရွက်ကြရန် စိုက်ပျိုးရေးနှင့်ဆည်မြောင်းပညာရှင်များအား မှာကြားပြီး ခေတ်မီရေဖျန်းစနစ်ဖြင့် စိုက်ပျိုးနေသော သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့မှတစ်ဆင့် ရန်အောင်မြင်ဆည်ရေသောက်စနစ် ဧက ၃၀၀၀ စိုက်ကွင်းသို့ရောက်ရှိပြီး စက်မှုလယ်ယာမြေစနစ် ဖော်ထုတ်ထားသောလယ်ကွက်များအတွင်း စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူလယ်သမားများက နွေစပါးစိုက်ပျိုးရန်ပျိုးပေါင်များဆွဲ၍ ပျိုးခင်းမြေပြုပြင်မှုများ၊ သိပ္ပံနည်းကျ စနစ်တကျ လုပ်ဆောင်နေသော ပျိုးပေါင်များ၊ ပျိုးထောင်ထားရှိသော ပုလဲသွယ်စပ်မျိုးစပါးပျိုးခင်းများ၊ သိပ္ပံနည်းကျ ချက်ချင်းနုတ် ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးထားသော တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများ၊ ဟိုတယ်ဇုန်အနီးစက်မှုလယ်ယာမြေစနစ်စိုက်ကွင်း ထပ်မံတိုးချဲ့ဖော်ထုတ်နေသည့် မြေနေရာ၌ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ငလိုက်ဆည်ရေသောက်စနစ် ကိုးရွာသပြေကုန်းရှိ ခေ... ထားသော တစ်ဆက်တစ်စပ်တည်း စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးစဉ်။

သစ်ခွဲသားများကို မည်သည့်ပါမစ်ခွင့်ပြုချက်မျှ မလိုအပ်ဘဲ လွတ်လပ်စွာ ရောင်းချနိုင်အောင် ညှိနှိုင်းဆွေးနွေးအဖြေရှာ

နေပြည်တော် မတ် ၅

မိမိတို့ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့သည် ပြည်သူနှင့် နေ့စဉ်ထိတွေ့ဆောင်ရွက်နေရ၍ ပြည်သူသို့ သစ်ခွဲသားဖြန့်ဖြူးမှုစနစ်ကိုလည်း ပြည်သူများကလိုလားသည့်အတိုင်း လာမည့်ဘဏ္ဍာနှစ်မှစ၍ ပြုပြင်ပြောင်းလဲရမည် ဖြစ်ကြောင်း၊ ယခင်ကြိုးနီစနစ်များကို လုံးဝဖြေလျှော့ပြီး ပြည်သူလိုအပ်သော သစ်ခွဲသားများကို မည်သည့်ပါမစ်ခွင့်ပြုချက်မျှ မလိုအပ်ဘဲ၊ မည်သည့် စိစစ်ကန့်သတ်မှုမျိုးမှ မလိုအပ်ဘဲ လွတ်လပ်စွာ ရောင်းချနိုင်အောင် ညှိနှိုင်းဆွေးနွေးအဖြေရှာပြီး မဖြစ်မနေ ဆောင်ရွက်ပေးရန်၊ မိမိဝန်ထမ်းအားလုံး ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူကို အလုပ်အကျွေးပြုသည့် စိတ်ဓာတ်(Mind Set)ကို အောက်ခြေအထိ ပြောင်းလဲလိုက်ပါ ဆောင်ရွက်ကြရန်၊ ရောင်းချမှုစနစ် လွယ်ကူချောမွေ့စေပြီး စည်းကမ်းဖောက်ဖျက်သည့် ဝန်ထမ်းဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ ဥပဒေအရသာ အရေးယူဆောင်ရွက်ရန်ဖြစ်ပြီး အဆိုပါကိစ္စကြောင့် ပြည်သူတစ်ရပ်လုံးအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်လိုကြောင်းဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်၌ ကျင်းပသည့် ပြည်တွင်းသုံး သစ်ခွဲသားများ ပြည်သူသို့

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ် သင်္ကေတဖြစ်သော Theme Song ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

နေပြည်တော် မတ် ၅

၂၀၁၃ခုနှစ် မြန်မာနိုင်ငံတွင်အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရာတွင် (ဖွင့်ပွဲ/ပိတ်ပွဲ)အခမ်းအနားများတွင် အသုံးပြုရန်နှင့်ပြိုင်ပွဲမတိုင်မီ လှုံ့ဆော်ရေးသီချင်းများအဖြစ် အသုံးပြုရန် Theme Song အမျိုးအစား တေးသီချင်းအား သတ်မှတ်ချက်များနှင့်အညီ ရေးစပ်သီကုံး၍ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

သတ်မှတ်ချက်များမှာ Theme Song အမျိုးအစားသီချင်းရေးစပ်ရာတွင် ပရိသတ်ပါးစပ်ဖျားတွင် ရေပန်းစားနိုင်သည့် မြူးကြွသည့် သံစဉ်စာသားဖြစ်ရမည်။ အားကစားပွဲတော်တစ်ခုလုံးကိုခြုံငုံ၍ မြန်မာ့အလှနှင့် ပေါင်းစပ်ရေးသားရမည်။ စာကြောင်းရေ (၅)ကြောင်းထက် မပိုစေရ။

သီချင်းရေးစပ်သီကုံးသူများအနေဖြင့် သီချင်းသည် ကိုယ်တိုင်ဖန်တီးရေးစပ်ထားကြောင်း ဝန်ခံကတိပြုချက် ပါဝင်ရမည်။ သီချင်းများပေးပို့ရာတွင် Audio CD ဖြင့် ပေးပို့ရန်ဖြစ်ပြီး Melody အဆိုအကြမ်း(နမူနာ)၊ Tempo (အနီးစပ်ဆုံး)၊ Chord Frame နှင့် Beating၊ သီချင်းပိုဒ် နေရာချထားမှုတို့ပါဝင်ရမည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် လျှောက်လွှာများအား လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ ကျိုက္ကဆံအားကစားပြိုင်ကွင်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၄၀၀၄၃၁၊ ၀၁-၄၀၀၈၉၂နှင့် နေပြည်တော်လူထုအားကစားနှင့် ပညာပေးဌာနခွဲ အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁)၊ ဖုန်း-၀၆၇-၄၂၂၆၁၈၊ ၀၆၇-၄၀၆၀၂၇နှင့် ၀၉-၂၀၀၂၁၉၆ တို့သို့ ဆက်သွယ်ရယူနိုင်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် မိမိသီကုံးရေးစပ်ထားသည့် သီချင်းများအား ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်လွှာရယူထားသည့် ဌာနခွဲသို့ ပြန်လည်ပေးပို့ရမည်။

ပြိုင်ပွဲဝင်တေးသီချင်းများအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ အစီအစဉ်ဖြင့် စိစစ်ရွေးချယ်ပြီး ရွေးချယ်ခံရသည့် တေးသီချင်းအတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀ ချီးမြှင့်ပေးအပ်၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ မူပိုင်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်သည့် လှုံ့ဆော်ရေးတေးသီချင်းများ ရေးစပ်သီကုံးခြင်း၊ အသံသွင်းခြင်း၊ ရိုက်ကူးခြင်း၊ ထုတ်လုပ်ဖြန့်ချိခြင်း စသည့်လုပ်ငန်းများအား (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သဖြင့် အဆိုပါလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ဦးစီးကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၅-၃-၂၀၁၃	ကော့ကရိတ်မြို့	ရေးမြို့
	၁ ဒသမ ၄၂ လက်မ	၀ဒသမ ၇၉ လက်မ
	မြောင်းမြမြို့	ခရမ်းမြို့
	၀ ဒသမ ၉၈ လက်မ	၀ ဒသမ ၇၁ လက်မ

ပြည်ပသို့ကုန်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းနှင့် အကျိုးသက

နေပြည်တော် မတ် ၅

ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများနှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုကဏ္ဍအသီးသီးအား ပြင်ဆင်ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍအပေါ် အခြေခံသည့်အတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လွန်စွာအရေးကြီးသည်။ ထို့ကြောင့် ကုန်သွယ်မှုဆောင်ရွက်သော ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ ကုန်သွယ်မှု မူဝါဒများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိကြရန် အထူးလိုအပ်သည်။

ကုန်သည်လုပ်ငန်းရှင်များ လွတ်လပ်စွာကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရေးအတွက် ကုန်စည် အမယ်များစွာအားတင်ပို့/တင်သွင်းခွင့်ပြုထားပြီး ဖြစ်သကဲ့သို့ နိုင်ငံတော်၏ (အထူးသဖြင့်)ပြည်သူလူထု၏ လိုအပ်ချက်များအတွက် ကန့်သတ်ထိန်းချုပ်ထားသော ပို့ကုန်၊ သွင်းကုန်ပစ္စည်းအမယ်အချို့လည်း ရှိနေပါသေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နယ်စပ်ဒေသများမှတစ်ဆင့် တင်ပို့ခွင့်မပြုသောပစ္စည်းများကို အမိန့်အမှတ် ၁၀/၁၉၉၉ ဖြင့် ကုန်ပစ္စည်း ၃၂မျိုးသတ်မှတ် ထုတ်ပြန်ကြေညာထားခဲ့ရာမှ ယခုအခါ အမိန့်အမှတ် ၁/၂၀၁၁ ဖြင့် ပို့ကုန်ပစ္စည်း ၁၃မျိုးကိုသာ ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအဖြစ် ပြင်ဆင်သတ်မှတ်ထားရှိပြီး ဖြစ်သည်။ ယင်းပစ္စည်းများမှာ ပန်းနှမ်းဆီ၊ မုန်ညင်း၊ မုန့်ညင်းဆီ၊ နေကြာ၊ နေကြာဆီ၊ ဆီကြိတ်ဖတ် (ဝါဂွမ်း၊ ချည်မျှင်)၊ ရွှေ၊ စိန်၊ ရေနံ၊ ဆင်စွယ်၊ တိရစ္ဆာန်များ၊ ပုစွန်ဖွဲ၊ လက်နက်ခဲယမ်း မီးကေ ဖြစ်သည်။

အလားတူ သွင်းကုန်ပိုင်းတွင်လည်း ယခ ပြည်ပမှ တင်သွင်းခွင့်မပြုသော သွင်းကုန်ပ ယခုအခါ အမိန့်အမှတ် ၃/၂၀၁၁ဖြင့် အမယ် ခဲ့သည်။ အမိန့်အမှတ် (၈/၂၀၁၃)ဖြင့် အရက်၊ ဥပဒေအရ ကန့်သတ်ထားသော ပစ္စည်းများ သည်။ ၎င်းတင်ပို့/တင်သွင်းခွင့်မပြုရန် သတ် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တရားဝ တင်ပို့/တင်သွင်းခြင်းပြုမိပါက နိုင်ငံတော် သွင်းကုန်ဥပဒေ (၂၀၁၂) အခန်း(၄) ပုဒ်မ(၅)(များနှင့်အညီ ထောင်ဒဏ်၊ ငွေဒဏ်များဖြင့် ထို့ပြင် ၎င်းဥပဒေ အခန်း(၅)၊ပုဒ်မ (၁၀)အရ မပြုသော်လည်း အားပေးကူညီသူဖြစ်ပါက အရေးယူခံရမှာဖြစ်ကြောင်းကို သိရှိထားရန် သည်။

ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြ ၄၀၈၁၆၉၊ ၄၀၈၁၇၀ တို့သို့ ဆက်သွယ်စုံစ ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ

❒ ရှေ့ဖုံးမှ

၀ဒသမ ၁၆၉ သန်းဖိုးရှိ ငါးမျိုးစုံ ၃၄တန်၊ ပုစွန် ခုနစ်တန်နီးပါး၊ ကဏန်း နှစ်တန်နီးပါး၊ ငါးရှဉ့်ငါးတန်ကျော်၊ ဘီလားတစ်တန်ကျော်၊ ကဏန်းအသေး(သေ) သုံးတန်ကျော်၊ ငါးပိလေးတန်ကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ ယင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၇၆သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၄၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၁၆၂ တန်ကျော်၊ ကင်းမွန်ကိုးတန်နီးပါး၊ ဘီလားတစ်တန်ကျော်၊ ကဏန်းကိုးတန်ကျော်၊ ငါးဆားနယ် ၄၆ တန်ကျော် တင်ပို့နိုင်ခဲ့ကြောင်း ယင်းကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၂ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

အလားတူ ယခုအပတ်အတွင်း မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၉၅၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၉၁၅တန်၊ ရေခ်နန်ပုစွန် ၂၄တန်ကျော်၊ ငါးမှုန့် ၁၁၁ တန်ကျော်၊ ကဏန်းသေး(သေ) ရှစ်တန်နီးပါး၊ ကဏန်းနီ ၇၉တန်နီးပါး၊ အေးခဲပုစွန် ၅၄ တန်ကျော်၊

ပြည်တွင်းသတင်း

ကိုးရွာသပြေကုန်းရှိ ခေတ်မီရေဖျန်းစနစ်ဖြင့် စိုက်ပျိုး (သတင်းစဉ်)

...ခပ်ဘဲ ...ဖြစ်ရာ

...၊ ပုဂ္ဂလိကဖြစ်
...အရေးယူဆောင်
...ပါကိစ္စကြောင့်
...ပေါ် ဝန်ထုပ်
...လိုကြောင်းဖြင့်
...န်းသိမ်းရေးနှင့်
... ဝန်ကြီးဌာန
... ဦးဝင်းထွန်းက
...ရှိတွင် နေပြည်
... ပြည်တွင်းသုံး
... ပြည်သူသို့

လွှတ်လပ်စွာရောင်းချနိုင်ရေး ညှိနှိုင်း အစည်းအဝေး၌ ဆွေးနွေးမှာကြားခဲ့သည်။ (ဝဲပုံ)

အစည်းအဝေးတွင် ပြည်သူသို့ တိုက်ရိုက် လွှတ်လပ်ပွင့်လင်းစွာ ရောင်းချသည့်စနစ် ရေရှည်ရပ်တည်ရန်မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့က အဓိကပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး တရားမဝင်သစ်ထုတ်လုပ်ရောင်းဝယ်မှုထိရောက်စွာတားဆီးရန်လိုအပ်ကြောင်းနှင့် ပြည်သူသို့ သက်သာသော ခွဲသားဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

နိုင်ငံတော်၏ စွမ်းအင်နှင့် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည့် မြန်မာ့ကမ်းလွန်ရှိ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၏ ပလက်ဖောင်းများ (Production Platform, Living Quarter Platform, Flare Platform) အား ပင်လယ်လှိုင်းဒဏ်ကြောင့် ပျက်စီးစေနိုင်မှုမှ အချိန်မီကာကွယ်ရန်နှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင် ကျွံဝင်နေမှုအား ပြင်ဆင်မြှင့်တင်သည့် လုပ်ငန်းများကို သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအား မထိခိုက်စေဘဲ ဆောင်ရွက်လျက်ရှိသည်။

ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မုတ္တမပင်လယ်ကွေ့ရှိ ကမ်းလွန်ရတနာဓာတ်ငွေ့ ထုတ်လုပ်ရေး ပလက်ဖောင်းသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့်သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

(အောက်ပုံ)

ရှေးဦးစွာ ထုတ်လုပ်ရေးစင် ရှင်းလင်းဆောင်၌ Total E & P Myanmar ၏ General Manager Ms. Namitar Shah နှင့် တာဝန်ရှိသူများက Subsidence Project လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် လိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုချိန်ကာလများအတွင်း ဓာတ်ငွေ့ထုတ်လွှတ်မှုကို စဉ်ဆက်မပြတ် ထုတ်လုပ်ပို့လွှတ်ပေးရေး၊ မတ်လအတွင်း ရတနာ သဘာဝဓာတ်ငွေ့မြေမှ ပြည်တွင်းသုံးအတွက် မူလရယူနေသည့် ဓာတ်ငွေ့ပမာဏထက် နေ့စဉ် ကုဗပေ ၁၅ သန်း တိုးမြှင့်ရယူရေးကိစ္စများကို မှာကြားကြသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထုတ်လုပ်ရေးစင် တိုးချဲ့ခြင်း၊ လူနေအဆောက်အအုံစင်ရွှေ့ပြောင်းမည့် အခြေအနေများအပေါ် ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာဝန်ထမ်းများအား နိုင်ငံတော်၏ဂုဏ်သိက္ခာကိုထိန်းသိမ်းစေရေး၊ မိမိလူမျိုး၏ စွမ်းဆောင်နိုင်မှုအပေါ် ဂုဏ်ယူစိတ်ဖြင့် ကြိုးစားဆောင်ရွက်ရေးတို့ကို မှာကြားကာ အမှတ်တရ သစ်သီးခြင်းလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

မြန်မာ့ရိုးရာအမွေအနှစ် သိုင်းပညာရပ်များ မတိမ်ကော၊ မပပျောက်စေရန်ရည်ရွယ် မြန်မာ့သိုင်းပညာရှင်ကြီးများအား တွေ့ဆုံဂါရဝပြုပွဲကျင်းပ

ရန်ကုန် မတ် ၅

မြန်မာ့သိုင်းပညာရှင်ကြီးများအား တွေ့ဆုံဂါရဝပြုပွဲအခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Western Park Royal Restaurant ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သိုင်းပညာရှင်များ တစ်ဦးနှင့် တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မြန်မာ့ရိုးရာသိုင်းပညာရပ်များအား အချင်းချင်း နှီးနှောဖလှယ်မှုရရှိစေရန်၊ မြန်မာ့ရိုးရာ အမွေအနှစ်ဖြစ်သော မြန်မာ့သိုင်းပညာရပ်များ မတိမ်ကောမပပျောက်စေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာသိုင်းအားကစားနည်းကိုထည့်သွင်းကျင်းပနိုင်ရန် ကြိုးစားခဲ့သော်လည်း အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ စည်းမျဉ်း Sea Games Charter အရ သီးခြားအားကစားနည်း တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပနိုင်ခြင်း မရှိဘဲ မြန်မာ့ရိုးရာ ဗန်တိုအားကစားနည်းနှင့်ဆင်တူသော ဗီယက်နမ်နိုင်ငံမှ ဗိုဗီနမ်အား ကစားနည်းကို ဗန်တိုသိုင်းဟန်ပန်များနှင့် တူညီအောင် ညှိနှိုင်းထည့်သွင်းကျင်းပရကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သိုင်းပညာရှင်ကြီး ၄၀တို့အား မြန်မာနိုင်ငံအိုလံပစ် ကော်မတီမှ တစ်ဦးလျှင် ချီးမြှင့်ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ လက်ဆောင်ပစ္စည်းနှင့် ငွေကျပ်ငါးသောင်းစီတို့ကို ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာ့သိုင်းပညာရှင်ဆရာကြီးများကိုယ်စား မြန်မာ့သိုင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ဌေးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသက် ၇၀ နှင့်အထက်ရှိ သိုင်းပညာရှင်ကြီး ၃၃ ဦးတက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

အကျိုးသက်ရောက်မှုများ

...နေကြာဆီ၊ ဆီကြိတ်ဖတ်အားလုံး၊ ဝါနှင့် ဝါထွက်ပစ္စည်း
...ရွှ၊ စိန်၊ ရေနံ၊ ဆင်စွယ်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းနှင့်ရှားပါး
...၊ လက်နက်ခဲယမ်း မီးကျောက်၊ ရှေးဟောင်းပစ္စည်းများ

...ကုန်ပိုင်းတွင်လည်း ယခင်အမိန့်အမှတ် ၉/၁၉ ၉၉ဖြင့်
...င့်မပြုသော သွင်းကုန်ပစ္စည်း ၁၅မျိုး သတ်မှတ်ခဲ့ပြီး
...တ် ၃/၂၀၁၁ဖြင့် အမယ်ရှစ်မျိုးဖြင့် ပြင်ဆင်သတ်မှတ်
... (၈/၂၀၁၃)ဖြင့် အရက်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲ
...ထားသော ပစ္စည်းများကိုလည်း သတ်မှတ်ခဲ့ပြီး ဖြစ်
...င်သွင်းခွင့်မပြုရန် သတ်မှတ်ထားသော အမယ်များကို
...များအနေဖြင့် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ
...ပြုမိပါက နိုင်ငံတော်မှထုတ်ပြန်ထားသော ပို့ကုန်
...၂) အခန်း(၄) ပုဒ်မ(၅)(၆) (၇) တို့အရ တည်ဆဲဥပဒေ
...ဒဏ်၊ ငွေဒဏ်များဖြင့် အရေးယူခံရမည်ဖြစ်သည်။
...ခန်း(၅)၊ပုဒ်မ (၁၀)အရ ကိုယ်တိုင်တင်ပို့တင်သွင်းခြင်း
...ပေးကူညီသူဖြစ်ပါက ၎င်းဥပဒေပုဒ်မများအတိုင်း
...ကြောင်းကို သိရှိထားရန်လိုအပ်ကြောင်း အသိပေးလို

...ငန်းများနှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက
...ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်ဖုန်း ၀၆၇- ၄၀၈၁၆၈၊
... တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း စီးပွား
...င်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ (သတင်းစဉ်)

...ကန်ဒေါ်လာ ၂
... တင်ပို့နိုင်ခဲ့

...အပတ်အတွင်း
...စခန်းမှ အမေ
...မ ၉၅၅ သန်း
...၅တန်၊ ရေငန်
... ငါးမှုန့် ၁၁၁
...န်းသေး(သေ)
...ခန်းနီ ၇၉တန်
...၅၄ တန်ကျော်၊

အေးခဲကင်းမွန် ၆၉ တန်ကျော်၊ ကဏန်းပျော့ ၁၅ တန်နီးပါး၊ ငါးအသားလွှာ ၇၂ တန်၊ ပုစွန်ခြောက် လေးတန်ကျော်၊ ကင်းမွန်ခေါင်း နှစ်တန်ကျော်၊ ငါးခြောက် ၁၁တန်ကျော် တင်ပို့နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီလအတွင်း ယင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉ဒသမ ၁၀၉ သန်းဖိုးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်း

နေပြည်တော် မတ် ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ဒီဂရီစင်တီဂရိတ် ဆင်ဖြူကျွန်းမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုးသက်လေပြင်းတိုက်ခတ်၍ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၅

မြန်မာနိုင်ငံအရပ်ရပ်၌ အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ ကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်၌ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း၊ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင်၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စွန်အလှပြိုင်ပွဲနှင့် စွန်အဖြတ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၃ ခုနှစ် နဝမအကြိမ်မြောက် မြန်မာ့ရိုးရာ စွန်အလှပြိုင်ပွဲနှင့် စွန်အဖြတ်ပြိုင်ပွဲများကို မတ် ၁၈ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် တစ်ဦးချင်းစွန်အဖြတ်ပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲ၊စွန်အလှပြိုင်ပွဲများထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် တစ်ဦးချင်း၊ အသင်းလိုက် မတ် ၁၁ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်သို့ ပြိုင်ပွဲဝင်ခွင့်ပုံစံများ ဖြည့်စွက်၍တင်သွင်းရမည်ဖြစ်သည်။

ယခုနှစ် နဝမအကြိမ်မြောက်ပြိုင်ပွဲ၌ ယမန်နှစ်ကပြိုင်ပွဲများထက် ဆုကြေးများကို ပိုမိုချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်သို့ လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလေးမြို့တွင် ဆူဒိုအက်ဖီဒရင်း ဆေးပြားများဖမ်းဆီးရမိ

ကလေး မတ် ၅

မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကသုံးစွဲသည့် ဓာတုကုန်ကြမ်းဖြစ်သည့် မြန်မာငွေ နှစ်ထောင့်သုံးရာ နှစ်ဆယ်သိန်းတန်ဖိုးရှိ ဆူဒိုအက်ဖီဒရင်းဆေးပြား ၂၃သိန်း နှစ်သောင်းကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကလေးခရိုင် ဒုစရိုက် နှိမ်နင်းရေးခေါင်းဆောင် ဒုရဲအုပ်စိုးနောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ ကလေးမူးယစ်အထူးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၄ ရက် နံနက် ၁၀ နာရီက ကလေးမြို့နယ်မြေ(၁၀) လက်ပံချောင်း-တာဟန်းကားလမ်းမပေါ်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း လားဗျက်ဆန်း မောင်းနှင်လာသော ယာဉ်အမှတ် ၃၈/. . . . Surf အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်နောက်ခန်းအတွင်း ပီနန်အိတ်အဝါရောင်ဖြင့်ထုပ်ထားသည့် ဆူဒိုအက်ဖီဒရင်း ဆေးပြား ၂၃သိန်း နှစ်သောင်းကို ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိသဖြင့် တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မင်းမင်းဇော်(ကလေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၄၀ International News
- ၈း၀၅ ရင်နှစ်ပန်းတို့ လန်းစေချင်
- ၈း၃၀ Road to 27th SEA GAME (မြားပစ်)
- ၈း၂၀ ဝတ်စားဆင်ယင် ဆယ်ကျော်သက်ဖက်ရှင်
- ၈း၄၀ စီးဆင်းပါစေ မေတ္တာရေ
- ၈း၅၅ သီချင်းကြီးပဒေသာ

ညပိုင်း

- ၄း၀၀ မြန်မာ့ရုပ်မြင်သံကြားအဖွင့်တေး
- ၄း၁၅ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ကြားညှပ်သီးနှံ ဖရဲ
- ၄း၂၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
- ၅း၀၀ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆း၀၀ ညနေခင်းသတင်း
- ၇း၀၀ ပြည်တွင်းသတင်း
- ၈း၀၀ ပြည်တွင်းသတင်း
- \- နိုင်ငံတကာသတင်း
- \- ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ တစ်နေ့တာမှတ်တမ်း
- \- အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၁၀း၀၀ ပြည်တွင်းသတင်း
- မြန်မာ့ရုပ်ရှင် နှင်းပျောက်တဲ့နွေ ဝင်းဦး၊ တင်တင်မူ၊ တင်တင်အေး (ဒါရိုက်တာ-သက်လယ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးအဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံတည်ဆောက်မှုလုပ်ငန်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိ

မန္တလေး မတ် ၅

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃ ရက် ညနေ ၅ နာရီက မန္တလေးချမ်းမြသာစည်မြို့နယ် ၇၃ လမ်း ဘောလုံးအကယ်ဒမီ သင်တန်းကျောင်းအနီးတွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့အဆင့်မီ ပရိသတ်သုံးသောင်းဆံ့ မန္တလေး အဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား Max Myanmar Group of Companies မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဖေသန်းနှင့် စီမံကိန်း အင်ဂျင်နီယာ ဦးထွန်းထွန်းဝင်းတို့က ပရိသတ်သုံးသောင်းဆံ့ မန္တလေး အဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေ၊ ဆောင်ရွက်ရန် ကျန်ရှိနေသည့်လုပ်ငန်းများအား ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မန္တလေးအဆင့်မြင့် ဘောလုံးကွင်းနှင့် အားကစားရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းအတွင်းမှ ရေများ အပြင်သို့ ရေထုတ်စနစ်ကောင်းမွန်ရေး၊ ရေလုံလောက်စွာရရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအမီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

ကျူးကျော်နေထိုင်သူများ မိမိအစီအစဉ်ဖြင့် ဖျက်သိမ်းရန် မေတ္တာရပ်ခံ လိုက်နာမှုမရှိက မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုနည်းဥပဒေအရ ဆောင်ရွက်မည်

မန္တလေး မတ် ၅

ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်အတွင်း ကျူးကျော်နေထိုင်သူများ၏ ဝင်းခြံနှင့်တဲများကို ၎င်းတို့၏အစီအစဉ်ဖြင့် ဖျက်သိမ်းပေးရန် မေတ္တာရပ်ခံခဲ့ပြီး ယင်းသို့ လိုက်နာဆောင်ရွက်ခြင်းမရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုနည်းဥပဒေများအရ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်တာဝန်ရှိသူထံက သိရသည်။

မြရည်နန္ဒာရပ်ကွက် မမ-၂၂၊ ၂၆၊ ၂၇၊ ၂၈ အကွက်များတွင် မတ် ၃ ရက်နံနက်က မြို့တော်စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်သောအဖွဲ့သည် နယ်မြေခံရဲတပ်ဖွဲ့၏အကူအညီဖြင့် ကျူးကျော်တဲနှင့်ဝင်းခြံများ ရှင်းလင်းရေးအတွက် ဆောင်ရွက်ရာတွင် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျူးကျော်နေထိုင်သူများကို မြို့တော်စည်ပင်မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ၌ မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီ နယ်နိမိတ်အတွင်းရှိ မြေများကို စီမံခန့်ခွဲရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့မြေယာ စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

မြို့ကွက်သစ်မြေများပေါ်တွင် တရားမဝင် ကျူးကျော်နေထိုင်သူများကို မြို့တော်ဝန်က မြရည်နန္ဒာနှင့် အောင်သာယာမြို့ကွက်သစ်၌ ၁၁-၉-၂၀၁၂ ရက်နှင့် ကံကြီးကုန်း၊ ဇီးအုပ်၊ ရွာသစ်ကလေးမြို့ကွက်သစ်တို့တွင် ၁၄-၉-၂၀၁၂ရက်များ၌ ဖယ်ရှားရှင်းလင်းရန် အသိပေးပြောကြားခဲ့ကြောင်း။

မြရည်နန္ဒာနှင့် အောင်သာယာရပ်ကွက်တွင် ဖယ်ရှားခြင်းမရှိသော ကျူးကျော်ဝင်းခြံနှင့် တဲများကို ၁၇-၉-၂၀၁၂ ရက်တွင် ရှင်းလင်းဖယ်ရှားခဲ့ကြောင်း၊ ယင်းသို့ရှင်းလင်းပြီးနောက် မြို့တော်ဖွံ့ဖြိုးတိုးတက်မှု အင်္ဂါရပ်နှင့်အညီလမ်းများဖောက်ခြင်း၊ လျှပ်စစ်မီး၊ အားကစားကွင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဈေး၊ လူနေအဆောက်အအုံစသည်တို့ကို ယင်းနေရာတွင် ကော်မတီမှ တာဝန်ယူအကောင်အထည်ဖော်စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ ဆောင်ရွက်နေမှုများကို ၂၈-၂-၂၀၁၂ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ တန်ဖိုးနည်းအိမ်ရာများကို မြရည်နန္ဒာရပ်ကွက်နှင့် အောင်သာယာရပ်ကွက်တို့မှ ဖယ်ရှားခံရသော ကျူးကျော်သူများနှင့် ဇီးအုပ်၊ ကံကြီးကုန်း၊ ရွာသစ်ကလေးတို့တွင် တရားမဝင် မြေဝယ်နေထိုင်သူများအား ဦးစားပေး ရောင်းချပေးသွားမည်ဟု သတင်းမီဒီယာများအား တရားဝင် အသိပေးပြီးဖြစ်ကြောင်း။

ယခု ဆောင်ရွက်မည့်စီမံကိန်းသည် မန္တလေးမြို့တော်သူ၊ မြို့တော်သားများအတွက် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ တရားမဝင်ကျူးကျော်နေထိုင်သူများ အားလုံး မိမိတို့၏ ဝင်းခြံနှင့် တဲများကို ဖျက်သိမ်းယူဆောင်သွားကြပါရန် မေတ္တာရပ်ခံကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နည်းဥပဒေအရ ဖယ်ရှားသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြား အသိပေးခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

မင်းဝံတောင်ရိုး၌ ဂါလန်ငါးသောင်းဆံ့ ရေကန်တည်ဆောက်မည်

စစ်ကိုင်း မတ် ၅

နွေရာသီ ရောက်ရှိလာချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းဝံတောင်ရိုးတွင် မှီခိုသီတင်းသုံးလျက်ရှိကြသော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်၊ ယောဂီပုဂ္ဂိုလ်များ ရေအခက်အခဲမတွေ့ကြုံစေရန်အတွက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ အစီအမံဖြင့် မင်းဝံတောင်ရိုးထွဋ်ခေါင်တောင်ထက်တွင် ရေဂါလန်ငါးသောင်းဆံ့ ရေကန်ကြီး တည်ဆောက်ကာ မင်းဝံတောင်ရိုးတစ်လျှောက် ရေဖြန့်ဝေပေးမည်ဖြစ်သည်။

ရေစက်ချ

အဆိုပါ ရေကန်ကြီးတည်ဆောက်ရန် ကုန်ကျမည့် ငွေကျပ်သိန်းနှစ်ရာကို မန္တလေးမြို့ နေပြည်တော်ပုံနှိပ်တိုက်နှင့် ရွှေဟသ်ာယွန်းထည်ကုန်သည် ဦးဘမြင့်-ဒေါ်ညိုညို (သမီး) သီရိသုမ္မသိင်္ဂီ ဒေါ်ရဲ(ရဲဗမာသက်န်းတိုက်) မိသားစုနှင့် မန္တလေးမြို့ မိဘမေတ္တာ မှန်စီရွှေချလုပ်ငန်း ဦးဘတင်-ဒေါ်ခင်မြင့် (သမီး) မနီနီ၊ မသီသီတို့က ငွေကျပ်သိန်းတစ်ရာစီ လှူဒါန်းကြရာ လှူဒါန်းမှုအစုစုအတွက် သီတဂူဆရာတော်ကြီးက ရေစက်ချတရား ဟောကြားချီးမြှင့်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

မန္တလေး မတ် ၅

အထက်မြန်မာပြည် ဓာတ်ပုံအသင်း၏ (၄၁)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ရှုချင်စဖွယ်ကဏ္ဍ(အဖြူအမည်း)၊ စိတ်ကြိုက်ဒစ်ဂျစ်တယ်၊ လူပုံကဏ္ဍ (ဆေးရောင်စုံ)၊ ရှုချင်စဖွယ်(ဆေးရောင်စုံ)၊ မိဘမေတ္တာ(ဆေးရောင်စုံ)တို့ကို အရွယ်အစား ၁၀×၁၂၊၁၀× ၁၅ ဖြင့် ပြိုင်ပွဲဝင်လိုသူများသည် အသင်းဝင်ဖြစ်ပါက အသင်းဝင်အမှတ်နှင့် ပြိုင်ပွဲကဏ္ဍခေါင်းစဉ်များကို နောက်ကျောတွင်လည်းကောင်း၊ ပြင်ပပြိုင်ပွဲဝင်လိုသူများဖြစ်ပါက အမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊နေရပ်လိပ်စာအပြည့်အစုံနှင့် ပြိုင်ပွဲကဏ္ဍခေါင်းစဉ်တို့ကို နောက်ကျောတွင်လည်းကောင်း၊ သီးခြားစာရွက်တွင်ရေး၍ အထက်မြန်မာပြည် ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးစိုးမင်း မန္တလေးအောင်မြေသာစံမြို့နယ် ၁၇ လမ်း ၈၂လမ်းထောင့်အမှတ် (၃၀)သို့ မတ် ၂၉ရက် ညနေ ၄ နာရီနောက်ဆုံးထားပေးပို့ယှဉ်ပြိုင်နိုင်ပြီး ဧပြီ ၄ရက်၊ ၅ရက်တွင် အထက်မြန်မာပြည်ဓာတ်ပုံအသင်းရုံးခန်း မန္တလေး ချမ်းအေးသာစံမြို့ နယ် ၇၇×၇၈ လမ်းကြား ၃၄ လမ်း ရတနာပုံစင်တာ စတုတ္ထထပ်၌ ရွေးချယ်မည်ဖြစ်ပြီး ကဏ္ဍအသီးသီးအတွက် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုသုံးဆုကိုထိုက်တန်သော ဆုဒိုင်းနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၆၈၁၉၇၄၈၊ ၀၉-၅၃၄၁၄၄၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ကျော်ထူး)**

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် ဗိဿနိုးမြို့ဟောင်းဒေသ၌ သီးနှံမျိုးစုံစိုက်မည်

တောင်တွင်းကြီး မတ် ၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဗိဿနိုးမြို့ဟောင်းတောင်ဘက် ဂျုတ်ကုန်းကျေးရွာအနီး ရန်ပယ်ချောင်းဘေးအနီးတည်ဆောက်လျက်ရှိသည့် သဘာဝအရင်းအမြစ်ဖြစ်သော မြေအောက်ရေကိုတူးဖော်ရယူပြီး နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများဖြင့် ကြီးအောင်းကန်အတွင်း ရေတင်ကာ တောင်သူများ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပံ့ပိုးကူညီ

အဆိုပါကျေးရွာသို့ မတ် ၃ ရက် နံနက် ၈ နာရီက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မော်နှင့် ဒေသခံတောင်သူများ ရောက်ရှိကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး တောင်သူများ၏ တင်ပြတောင်းဆိုချက်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ နေရောင်ခြည်သုံး ဆိုလာပြားများဖြင့် မြေအောက်ရေသုံးစွဲနိုင်ခြင်းကြောင့် စက်သုံးဆီကုန်ကျစရိတ်လုံးဝမရှိဘဲ တစ်နာရီရေဂါလန် ခြောက်ထောင်မှကိုးထောင်အထိ ထုတ်လုပ်သုံးစွဲနိုင်ခြင်းကြောင့် တောင်သူများ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သီးနှံမျိုးစုံစိုက်ပျိုးနိုင်ခြင်း၊ မိုးခေါင်ရေရှားဒေသဖြစ်သော်လည်း ဒေသစိမ်းလန်းစိုပြည်ခြင်း၊ ကျွဲနွားတိရစ္ဆာန်များ သောက်သုံးရေ ဖူလုံစွာရရှိခြင်း၊ ကျေးရွာမီးလင်းခြင်းစသည့် အကျိုးကျေးဇူးများ ခံစားနေရပြီဖြစ်ကြောင်း ဂျုတ်ကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရှိရ သည်။ **(မြို့နယ် ပြန်/ဆက်)**

ဥတုရာသီ တောကိုမှီ၏

တိုင်းရင်းဆေးအဖွဲ့ ကွင်းဆင်းဆေးကုသ

စစ်ကိုင်း မတ် ၅

စစ်ကိုင်းမြို့ သစ္စာအထူးကုတိုင်းရင်းဆေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးလှဟန်မြင့်၊ တာဝန်ခံ ဦးဝင်းမြတ်တို့ ဦးဆောင်သော တိုင်းရင်းဆေးတက္ကသိုလ်ဆင်း ဆရာ ဆရာမများပါဝင်သော ဇီဝိတဒါန ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် စတုတ္ထအကြိမ်အဖြစ် မြန်မာနိုင်ငံရဲတပ်ရင်း (၁၆) ရှိ အရာရှိ အရာခံ၊ အကြပ်တပ်သားများနှင့် မိသားစုဝင်များအား ကျန်းမာရေးပညာပေးဟောပြောပွဲကို မတ် ၄ ရက် နံနက် ၈ နာရီခွဲက တပ်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သစ္စာတိုင်းရင်းဆေးကုသရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှဟန်မြင့်က အရက်သောက်ခြင်းကြောင့် ရရှိသော ဆိုးကျိုးများအကြောင်း ဆေးခန်းတာဝန်ခံဆရာ ဦးဝင်းမြတ်က ထိခိုက်ဒဏ်ရာရရှိမှု အကြောင်းများကို အသိပညာပေးဟောပြောသည်။ ထို့နောက် ဒုတိယတပ်ရင်းမှူး ရဲမှူးလှဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၀၀ ကျော်တို့အား ထိခိုက်ဒဏ်ရာနှင့် မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါများကို စမ်းသပ်ကုသပေးပြီး **(အပေါ်ပုံ)** ဆေးဝါးများကို ဇီဝိတဒါနအဖြစ် ပေးလှူခဲ့ကြောင်း၊ လူနာများအား ဆေးဝါးကုသရာသို့ အမှတ်(၁၆) ရဲတပ်ရင်းမှူး ဒုတိယရဲမှူးကြီး တင်မိုးနှင့်ဇနီး ဒေါ်စန်းစန်းမြင့်တို့ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **(၁၃၇)**

စစ်ကိုင်းဝါးချက်ကျေးရွာ၌ ကြက်တိုက်သူများအား ဖမ်းဆီးရမိ

စစ်ကိုင်း မတ် ၅

ကြက်တိုက်လောင်းကစားနေသူများအား ရဲတပ်ဖွဲ့မှ သွားရောက်ဖမ်းဆီးစဉ် ကြက်တိုက်လောင်းကစားနေသူများထွက်ပြေးသွားကြပြီး ၎င်းတို့စီးလာသည့် ဆိုင်ကယ်မျိုးစုံ ၁၀ စီးနှင့်အတူ လောင်းကစားရာတွင် အသုံးပြုသည့် တိုက်ကြက်ဖသုံးကောင်၊ လောင်းကြေးငွေများနှင့်အတူ လူလေးဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့အမှတ်(၂) ရဲစခန်း၊ သောတာပန်ရဲကင်းမှူး ဒုရဲအုပ်ကျော်မင်းသည် ဖေဖော်ဝါရီ ၂၅ ရက်က တာဝန်မှူးဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာ အရှေ့မြောက်ဘက် ရွာအပြင်ညောင်ပင်အောက်တွင် ကြက်တိုက်လောင်းကစားနေကြောင်း သတင်းအရ ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်မျိုးဝင်းညွှန့်နှင့် ပူးပေါင်းအဖွဲ့ဝင်များသည် ဝါးချက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ သွားရောက်ဖမ်းဆီးရာ ကြက်တိုက်လောင်းကစားနေသူ သိန်းဝင်း (၅၀ နှစ်) ဝါးချက်ရွာ၊ ဝင်းလှိုင် (၅၄ နှစ်)ဝါးချက်ရွာ၊ ဦးပြေ(ခ)ထွန်းဝင်း (၆၀ နှစ်) ထုံးဘိုရပ် စစ်ကိုင်းမြို့နေသူနှင့် ဦးမြင့်(ခ)မြင့်အေး (၄၆ နှစ်) ဝါးချက်ကျေးရွာနေသူတို့ကို ကြက်တိုက် လောင်းကစားရာတွင် အသုံးပြုသည့် တိုက်ကြက်များ၊ လောင်းကြေးငွေကျပ် ၃၃၉၅၀၊ ဆိုင်ကယ်မျိုးစုံ ၁၀ စီးနှင့် ဆက်စပ်ပစ္စည်းမျိုးစုံများကို သက်သေများရှေ့တွင် သိမ်းဆည်းပြီး လောင်းကြေးငွေများဖြင့် ကြက်တိုက်လောင်းကစားသူ သိန်းဝင်း၊ ဝင်းလှိုင်၊ ဦးပြေနှင့် ဦးမြင့်တို့အပေါ် စစ်ကိုင်းအမှတ် (၁) ရဲစခန်းက အရေးယူထားပြီး ပါဝင်သော ဆိုင်ကယ်ပိုင်ရှင်များကိုလည်း စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(၁၃၇)

ပြည်ထောင်စုဖလားရိုးရာလက်ဝှေ့(မွေ့)ပြိုင်ပွဲကျင်းပပြီးစီး

သတင်း - ကိုကိုစိုးညွန့်

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ရိုးရာလက်ဝှေ့(မွေ့) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို လေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပရာ အမျိုးသား ဗိုလ်လုပွဲစဉ် ခုနစ်ပွဲ၊ အမျိုးသမီး ဗိုလ်လုပွဲစဉ် သုံးပွဲ ယှဉ်ပြိုင်ကြသည်။

အမျိုးသား ၅၄ ကီလိုတန်းတွင် ပထမ မိုက်ရိုင်း (ရန်ကုန်)၊ ဒုတိယ လှသိန်းထွန်း၊ ပူးတွဲတတိယ သန်းဇော် (ကရင်)နှင့် ညဏ်လင်းအောင် (ရခိုင်)၊ ၅၇ ကီလိုတန်းတွင် ပထမ စောဝီလျှံ (ကရင်)၊ ဒုတိယ မိုးလင်းအောင် (တနင်္သာရီ)၊ ပူးတွဲတတိယ စောအုန်းမြင့်(ရန်ကုန်)နှင့် မင်းသူ (မကွေး)၊ ၆၀ ကီလိုတန်းတွင်ပထမကျော်ထူးအောင် (ကယား)၊ ဒုတိယကျော်မင်း၊ ပူးတွဲတတိယ ဖိုးလပြည့်(ရန်ကုန်)နှင့် တင်အောင်စိုး(ရခိုင်)၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ပထမစိုးလင်းဦး(ရန်ကုန်)၊ ဒုတိယ ဝေဖြိုးပိုင်(ချင်း)၊ ပူးတွဲတတိယ မင်းဇော်(ကရင်)နှင့် နိုင်ဝင်း (ရခိုင်)၊ ၆၇ ကီလိုတန်းတွင် ပထမ မောင်ထူး (မကွေး)၊ ဒုတိယ မင်းဌေးစံ(ကရင်)၊ ပူးတွဲတတိယ မင်းနိုင်(ရခိုင်)နှင့် စောဂရေမှူး(တနင်္သာရီ)၊ ၇၁ ကီလိုတန်းတွင် ပထမ ထွန်းထွန်းမင်း (မွန်)၊ ဒုတိယ ရန်ကြီးအောင်(ရခိုင်)၊ ပူးတွဲတတိယ စောအောင်ပြည့်(ကရင်)နှင့် ငြိမ်းချမ်း(ရခိုင်)၊ အမျိုးသမီး ၄၈ ကီလိုတန်းပထမ ရွှေစင်ဝင့်ဝါ (တနင်္သာရီ)၊ ဒုတိယ နော်ဖော်လောအဲ (ကရင်)၊ ၅၁ကီလိုတန်းတွင် ပထမ နှင်းအိဆွေ (တနင်္သာရီ)၊ ဒုတိယ လှယဉ်မေ(ရခိုင်)၊ တတိယ ချောစုဖွေး (ကယား)၊ ၆၀ ကီလိုတန်းတွင် ပထမ နော်ချဲဖော (ကရင်)၊ ဒုတိယ သူဇာဟန်(မွန်)၊ တတိယ နီလာကျော် (မန္တလေး)တို့ အသီးသီးဆုများ ရရှိကြသည်။

ဆုရရှိသူများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အာရှမွေ အဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာ ဆန်တီပတ်၊ အရှေ့တောင်အာရှမွေအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့(မွေ့)အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

▲ ကျောဖုံးမှ

အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ညနေပိုင်းပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းက ရှမ်းပြည်နယ် အမျိုးသမီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့်ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းတို့၏ ဗိုလ်လုပွဲကို မတ် ၇ ရက်တွင် ကစားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးလက်ဝှေ့ပွဲ ရှမ်း၊ ကရင်နှင့်မန္တလေးလက်ဝှေ့မယ်ဗိုလ်စွဲ

သတင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး

နေပြည်တော် မတ် ၅

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိသတ်မှတ်နေရာများ၌ မတ် ၅ ရက်က ဆက်လက်ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၌ အမျိုးသမီး လက်ဝှေ့ပွဲများကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးမှ နီနီကိုက ၄၆ ကီလိုတန်းတွင် ပထမရရှိခဲ့သည်။

အမျိုးသမီး ၄၈ ကီလိုတန်းတွင် ကယားပြည်နယ်မှ မီးလေးနှင့်ရှမ်းပြည်နယ်မှ နှင်းမို့မို့နိုင်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ နှင်းမို့မို့နိုင်က အနိုင်ရရှိခဲ့သည်။ နှင်းမို့မို့နိုင်၏ ဘယ်ဝိုက်၊ ညာဖြောင့်လက်သီးများက မီးလေး၏ မျက်နှာပြင်ပေါ်သို့ အဆက်မပြတ် ထိမှန်အောင်ထိုးနိုင်ခဲ့သည်။

၅၇ ကီလိုတန်း ဗိုလ်လုပွဲ ခတ္တာစုလှိုင်(မန္တလေး)နှင့် စောမူအေး(ဧရာဝတီ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

မီတာ ၈၀၀ အပြေးဗိုလ်လုပွဲ ကရင်မှ ကျော်လွှမ်းအောင်၊ ဧရာဝတီမှ အေးအေးသန်းတို့ ရွှေတံဆိပ်များဆွတ်ခူး

သတင်း - မောင်ကြည်ဆွေ
ဓာတ်ပုံ - တင်စိုး

နေပြည်တော် မတ် ၅

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲများကို မတ် ၅ ရက် နံနက်က ဆက်လက်ကျင်းပသည်။

အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲ၌ ကရင်ပြည်နယ်မှ ကျော်လွှမ်းအောင်က ၁ မိနစ် ၅၅ ဒသမ ၈၂ စက္ကန့်ဖြင့် ပထမရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။

အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ အေးအေးသန်းက စံချိန် ၂ မိနစ် ၁၀ ဒသမ ၀၈ စက္ကန့်ဖြင့် ပထမ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

အမျိုးသား အမျိုးသမီး မီတာ ၈၀၀အပြေးပြိုင်ပွဲများတွင် ယခင်က မြန်မာပြည်စံချိန်များကို မချိုးနိုင်ခဲ့ချေ။ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ၁၉၈၉ ခုနှစ်က ကုန်သွယ်ရေးမှ ထွန်းဝင်းသိန်းက ၁မိနစ် ၅၂ ဒသမ ၂၀စက္ကန့် စံချိန်ကို လက်ရှိ မီတာ ၈၀၀အပြေးသမားများ ယခုပွဲ၌ စံချိန်မချိုးနိုင်ခဲ့ချေ။

ထို့အတူ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ၁၉၈၆ ခုနှစ်က ဆောက်လုပ်ရေးမှ ခင်ခင်ထွေး ပြေးထားခဲ့သော ၂ မိနစ် ၁၀ ဒသမ ၀၂ စက္ကန့်ကို ယခုပွဲ၌ အမျိုးသမီး အပြေးမယ်များ စံချိန်မချိုးနိုင်ခဲ့ချေ။

မီတာ ၈၀၀ (ကျား) ရွှေတံဆိပ်ဆုရ ကျော်လွှမ်းအောင် (ကရင်)။

မီတာ ၈၀၀(မ) ရွှေတံဆိပ်ဆုရ အေးအေးသန်း(ဧရာဝတီ)။

ထို့ကြောင့် ယင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ နှင်းမို့မို့နိုင်က ပထမ၊ ကယားပြည်နယ်မှ မီးလေးက ဒုတိယ နှင့်ပဲခူးတိုင်းဒေသကြီးမှ နွယ်နီဦးတို့က တတိယ ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသမီး ၅၁ ကီလိုတန်းလက်ဝှေ့ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ သက်ထားစံနှင့် ချင်းပြည်နယ်မှ ခင်နှောင်းတင့်တို့ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် ခင်နှောင်းတင့်၏ ဘယ်ညာဖြောင့်လက်သီးများက သက်ထားစံကို ထိမှန်ခဲ့သလို သက်ထားစံ၏ အားပါပြင်းထန်သော ညာလက်သီးများကလည်း ခင်နှောင်းတင့်၏မျက်နှာပေါ်သို့ အရှိန်ပြင်းစွာ ထိမှန်ခဲ့သည်။

ပွဲချိုပြည့်သည်အထိ အပြန်အလှန်ထိုးသတ်နိုင်ခဲ့သော်လည်း သက်ထားစံ၏လက်သီးထိုးချက်များက ခင်နှောင်းတင့် ကိုယ်ပေါ် ပိုမိုထိမှန်ခဲ့သဖြင့် ပွဲအပြီး သက်ထားစံက အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အမျိုးသမီး ၅၁ ကီလိုတန်းတွင် ကရင်ပြည်နယ်မှ သက်ထားစံက ပထမ၊ ချင်းပြည်နယ်မှ ခင်နှောင်းတင့်က ဒုတိယရရှိသည်။

ဆက်လက်ပြီး အမျိုးသမီး ၅၄ ကီလိုတန်း ဗိုလ်လုပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ အေးမြတ်လွင်နှင့်စစ်ကိုင်းတိုင်းဒေသကြီးမှ နယ်လီတို့ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ အမျိုးသမီး ၅၇ ကီလိုတန်း ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ စောမူအေးနှင့် မန္တလေးတိုင်းဒေသကြီးမှ ခတ္တာစုလှိုင်တို့ ထိုးသတ်ကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို မဲစနစ်ဖြင့် လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ နိုင်ငံပိုင်အောက်ဖော်ပြပါ လမ်း/တံတားအသုံးပြုခကောက်ခံလျက်ရှိသော ဂိတ်(၁၃)ခု၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်လမ်း/တံတားဂိတ်များ

စဉ်	ခရိုင်	လမ်း/တံတားဂိတ်အမည်	လမ်းပိုင်းအမည်
၁။	တောင်ကြီး	အောင်ပန်း	အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း
၂။	တောင်ကြီး	ကျိုး	ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်း
၃။	တောင်ကြီး	ပင်လောင်းဂိတ်(အောင်ပန်း-ပင်လောင်း)	အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း
၄။	တောင်ကြီး	ပင်လောင်းဂိတ်(ပျဉ်းမနား-ပင်လောင်း)	ပျဉ်းမနား-ပင်လောင်းလမ်း
၅။	လွိုင်လင်	ကွန်ဟိန်း	မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း
၆။	တောင်ကြီး	ကျောက်တစ်လုံး	တောင်ကြီး-ဟမ်းဆီး-နောင်ယာဆိုင်း-ကျောက်တလုံးလမ်း
၇။	တောင်ကြီး	ညောင်ရွှေ	ရွှေညောင်-ညောင်ရွှေလမ်း
၈။	တောင်ကြီး	အောင်ပန်း-ပွေးလှ	အောင်ပန်း-ပင်းတယလမ်း
၉။	တောင်ကြီး	ဆီဆိုင်-ဟိုပုံး	တောင်ငူ-လွိုင်ကော်-ဟိုပုံးလမ်း
၁၀။	လွိုင်လင်	ကွန်ဟိန်းတံတား	မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း
၁၁။	တောင်ကြီး	လိန်းလီတံတား	နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်း
၁၂။	လွိုင်လင်	တာကော်တံတား	မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း
၁၃။	တောင်ကြီး	တုံဟုံးတံတား	အေးသာယာ-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံးလမ်း

(ခ) လေလံဝင်ခွင့်လျှောက်လွှာထုတ်ယူရမည့်နေရာ

ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တောင်ကြီးမြို့။

(ဂ) လေလံလျှောက်လွှာတင်သွင်းခြင်းပိတ်သိမ်းမည့်ရက်နှင့်အချိန်

၁၄-၃-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀ နာရီ

(ဃ) လေလံပွဲကျင်းပမည့်ရက်

၁၅-၃-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉:၀၀ နာရီ

(င) လေလံပွဲကျင်းပမည့်နေရာ

ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တောင်ကြီးမြို့

၂။ ဂိတ်တစ်ခုချင်းအလိုက် စိတ်ပါဝင်စားကြေးပေးသွင်းရမည်ဖြစ်ပြီး စိတ်ပါဝင်စားကြေး/လုပ်ကိုင်ခွင့်လိုင်စင်ရောင်းချခြင်း၊ လုပ်ကိုင်ခွင့်ရရှိပါက လိုက်နာရမည့်စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသောအချက်များကို အောက်ပါဖုန်းများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၈၁-၂၁၂၁၁၆၂၊ ၀၈၁-၂၁၂၀၁၆

လမ်း/တံတားလေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းနှင့်တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (၁-၄-၂၀၁၃ မှ ၃၁-၃-၂၀၁၄အထိ) (၁)နှစ် လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်များ ရောင်းချရန်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားအသုံးပြုခကောက်ခံနေသော ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီးလမ်းများပေါ်ရှိ အောက်ဖော်ပြပါ လမ်းအသုံးပြုခကောက်ခံရေးစခန်း (၇)ဂိတ်နှင့် သာမန်တံတားအသုံးပြုခကောက်ခံရေးစခန်း (၁)ဂိတ်တို့အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်(၁-၄-၂၀၁၃ မှ ၃၁-၃-၂၀၁၄)အထိ လမ်း/တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်း တစ်နှစ် လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို မန္တလေးတိုင်းဒေသကြီးအတွင်းနေထိုင်သူ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း မဲစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

	လမ်း/တံတားဂိတ်အမည်	ခရိုင်အမည်	လမ်းအမည်
ပြည်ထောင်စုလမ်းပေါ်ရှိ လမ်းဂိတ်များ			
၁။	ဟံမြင့်မိုရ်	ကျောက်ဆည်	ဟံမြင့်မိုရ်-မြို့ကြီး-ရှာခံ-အောင်ပန်းလမ်း
၂။	ကျောက်ပန်းတောင်း(၁)အထွက်	မြင်းခြံ	ရန်ကုန်-ပြည်-မန္တလေးလမ်း
၃။	ရန်အောင်	ရမည်းသင်း	ပျော်ဘွယ်-ရန်အောင်ရွာတော်-နတ်မောက်လမ်း
၄။	မိုးကုတ်(ကျောက်ဖား)	ပြင်ဦးလွင်	မန္တလေး-မတ္တရာ-လက်ပန်လှ-ဝါးဖြူတောင်-မိုးကုတ်လမ်း
၅။	၇မိုင်လမ်းဆုံ	ပြင်ဦးလွင်	သပိတ်ကျင်း-တကောင်းလမ်း
တိုင်းဒေသကြီးလမ်းပေါ်ရှိ လမ်းဂိတ်များ			
၆။	စဉ့်ကူ	ညောင်ဦး	ချောက်-စဉ့်ကူ-ပုဂံလမ်း
၇။	မြစ်ငယ်	မန္တလေး	မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်း
တိုင်းဒေသကြီးလမ်းပေါ်ရှိ တံတားဂိတ်			
၈။	ကြောင်ပန်းကုံး	ကျောက်ဆည်	ကျောက်ဆည်-တံတားဦးလမ်း

၂။ လေလံလျှောက်လွှာထုတ်ယူရရှိနိုင်မည့်နေရာ

အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ လမ်း ၃၀၊ ၇၀×၇၁ လမ်းကြား၊ ဗထူးကွင်းတောင်ဘက်။

၄။ လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ

အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

၅။ လေလံဆွဲဝယ်ခွင့်လျှောက်လွှာစတင်လက်ခံမည့်ရက်၊ အချိန်

၅-၃-၂၀၁၃ ရက်(အင်္ဂါနေ့) နံနက် ၉:၀၀ နာရီ

၆။ လေလံတင်သွင်းရန်နောက်ဆုံးအချိန်

၁၁-၃-၂၀၁၃ ရက် (တနင်္လာနေ့) ညနေ ၄:၃၀နာရီ

၇။ လေလံတင်ရောင်းချမည့်ရက်

၁၂-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉:၀၀နာရီ

၈။ လေလံတင်ရောင်းချမည့်နေရာ

အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ လမ်း ၃၀၊ ၇၀×၇၁ လမ်းကြား၊ ဗထူးကွင်းတောင်ဘက်။

၉။ ဂိတ်တစ်ခုချင်းအလိုက် လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာ၊ လေလံလျှောက်လွှာတင်သွင်းရန် အသေးစိတ်စည်းကမ်းချက်များကို လျှောက်လွှာထုတ်ယူနိုင်သည့်ရုံးတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက်။ အထက်ဖော်ပြပါ လမ်း/တံတားဂိတ်များ၏ လမ်း/တံတားအသုံးပြုခကောက်ခံရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် မိုင်အကွာအဝေးအလိုက် နှုန်းထားများဖြင့်သာ ကောက်ခံရန်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်သူ ပုဂ္ဂလိကတိုင်းရင်းသား လုပ်ငန်းရှင်များကိုသာ မဲစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။ လေလံလုပ်ကိုင်ခွင့်ပေးအပ်ပွဲသို့ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။

**မန္တလေးတိုင်းဒေသကြီး လမ်းနှင့်တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလိုင်စင်
လေလံတင်ရောင်းချရေးကြီးကြပ်မှုကော်မတီ**

ပြည်တွင်းသတင်း

မြန်မာ့နိုင်ငံရေး ၁၉၅၈-၁၉၆၂ ပထမတွဲ၊ ဒုတိယတွဲနှင့် မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ ၁၉၆၂-၁၉၇၄ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲတို့ထွက်ရှိ

နေပြည်တော် မတ် ၅

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက "မြန်မာ့နိုင်ငံရေး ၁၉၅၈-၁၉၆၂" ပထမတွဲ၊ ဒုတိယတွဲနှင့် "မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ ၁၉၆၂-၁၉၇၄" ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ သုံးအုပ်ပေါင်း ငါးအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်များမှာ စာဖတ်သူများ၏ နှစ်ခြိုက်အားပေးမှုကြောင့် ဒုတိယအကြိမ် ထပ်မံထုတ်ဝေလိုက်ခြင်းဖြစ်သည်။ မြန်မာ့နိုင်ငံရေး ၁၉၅၈-၁၉၆၂ မှာ တတိယတွဲ၊ စတုတ္ထတွဲထိရှိပြီး ၁၉၉၁ ခုနှစ်က ထုတ်ဝေခဲ့ပြီးဖြစ်သည်။

"မြန်မာ့နိုင်ငံရေး ၁၉၅၈-၁၉၆၂" စာအုပ်တွင် လွတ်လပ်ရေးရပြီး ဒုတိယဆယ်စုကာလအတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းမှတ်တိုင်များဖြစ်သည့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ၊ ဖဆပလအစိုးရနှင့် အိမ်စောင့်အစိုးရ လက်ထက် မြန်မာနိုင်ငံအခြေအနေကို မီးမောင်းထိုးပြထားပြီး ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပ၍ ဦးနုခေါင်းဆောင်သော ပြည်ထောင်စုအဖွဲ့ တက်သည်အထိ ရေးသားထားသည်။

"မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ" ပထမတွဲ၊ ဒုတိယတွဲ စာအုပ်တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းပြီး အုပ်ချုပ်ရေးပုံစံပြောင်းလဲလာပုံ၊ တော်လှန်ရေးကောင်စီပေါ် ပေါက်လာပုံ၊ နိုင်ငံတော်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်ခဲ့ပုံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံတော်အာဏာကို ပြည်သူ့ထံ အပ်နှင်းသည်အထိ သမိုင်းဖြစ်ရပ်များကို ပေါ်လွင်အောင် ရေးသားထားသည်။

ယခုထုတ်ဝေလိုက်သော စာအုပ်များကို နေပြည်တော်ရုံး အမှတ်(၃၅) ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနနှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ဝင်းရှိ သမိုင်းသုတေသနဦးစီးဌာနတို့တွင် ဝယ်ယူနိုင် ကြောင်း၊ မြန်မာ့နိုင်ငံရေး ၁၉၅၈-၁၉၆၂ ကို အစုံလိုက်ဝယ်ယူနိုင်ပြီး ပထမတွဲ ငွေကျပ် ၃၅၀၀၊ ဒုတိယတွဲ ငွေကျပ် ၄၅၀၀၊ တတိယတွဲ ငွေကျပ် ၂၀၀၀၊ စတုတ္ထတွဲ ငွေကျပ် ၂၀၀၀နှင့် မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ ၁၉၆၂-၁၉၇၄ ပထမတွဲ ငွေကျပ် ၄၅၀၀၊ ဒုတိယတွဲ ငွေကျပ် ၄၀၀၀၊ တတိယတွဲငွေကျပ် ၃၂၀၀ တို့ဖြင့် ဝယ်ယူနိုင်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

ပဲခူးမြို့နယ် ရွှေပန်းကျေးရွာ လျှပ်စစ်မီးလင်းပြီ

ပဲခူး မတ် ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအုပ်စု ရွှေပန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို မတ် ၅ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျေးရွာအတွင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ရွှေပန်းကျေးရွာ မီးလင်းရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ် ၁၄၄ သိန်း မတည်ပြီး ကျေးရွာနေပြည်သူများက ငွေကျပ် ၁၅၄ သိန်း စုစုပေါင်း တန်ဖိုး ငွေကျပ် ၂၉၈ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။ **(သန့်စင်)**

သံလွင်ဈေးငါးဒိုင်များမှ ငါးညှီနံ့ဆိုးများ ရှူရှိုက်နေရ

မော်လမြိုင် မတ် ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် ကမ်းနားလမ်း ဘိုးဘွားရိပ်သာ ရန်ပုံငွေစားသောက်ဆိုင်တွင် မတ် ၃ရက် မွန်းလွဲ ၁ နာရီက ဘိုကုန်းရပ်ကွက်ရှိ သံလွင်ဈေးအတွင်း ငါးဒိုင်များမှ ငါးညှီအနံ့ဆိုးများ ရှူရှိုက်နေရသဖြင့် ရပ်ကွက်နေပြည်သူများ မီဒီယာနှင့်တွေ့ဆုံ ရှင်းလင်းခဲ့ရကြောင်း သိရသည်။

တွေ့ဆုံရာတွင် ဦးအောင်မြတ်နှင့် ဘိုကုန်းရပ်ကွက်နေ ပြည်သူများက ဘိုကုန်းရပ်ကွက် အောက်လမ်းမရှိ သံလွင်ဈေးသည် ယခင်က ကုန်ခြောက်ကုန်စိမ်းနှင့်အလှကုန်များ ရောင်းချသည့် ဈေးဖြစ်ကြောင်း၊ ယခုအခါ ဈေးတစ်ဝက်ခန့်ကို ငါးဒိုင်များ ဖွင့်လှစ်ထားရှိပြီး နေ့/ညမရွေး အရောင်းအဝယ် ပြုလုပ်နေသဖြင့် အချိန်ကာလ ကြာသည်နှင့်အမျှ ငါးညှီနံ့ဆိုးရွားစွာ ထွက်ရှိနေကြောင်း ယင်းအနံ့ဆိုးများကို လမ်းသွားလမ်းလာများနှင့် ဈေးအနီးရှိ နေအိမ်များမှ အချိန်နှင့်အမျှ ရှူရှိုက်နေရသဖြင့် ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်းဖြင့် ကျန်းမာရေး လွန်စွာထိခိုက်ခံနေရကြောင်း၊ ထို့အပြင် ငါးဒိုင်များဖွင့်လှစ်ထားသဖြင့် နေ့စဉ် နံနက် ၃ နာရီမှစ၍ ရေခဲခွဲစက်အသံများ၊ ဆူညံစွာ အော်ဟစ်ပြောဆိုသံများ၊ ကားသံများကြောင့် ပြည်သူများ ညစဉ်အိပ်ရေးပျက်နေရကြောင်း သို့ပါ၍ အဆိုပါငါးဒိုင်များအား သင့်လျော်သည့်နေရာများသို့ ပြောင်းရွှေ့ပေးနိုင်ပါရန် သုံးကြိမ်တိုင်တိုင် တင်ပြခဲ့သော်လည်း ဖယ်ရှားပေးခြင်းမရှိ၍ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(တင်ထွန်း)**

ဇလွန်ပြည်တော်ပြန်ဘုရား ဗုဒ္ဓပူဇနီယပွဲ

ဇလွန် မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၂၀ ရက်မှ ၂၇ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယ ပွဲတော်အကြို ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အထက်စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် စာရေးတံမဲများကပ်လှူခြင်းတို့အပြင် ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲများ၊ အခြားပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်းနှင့် ဈေးဆိုင်ခန်းရောင်းချလိုသူများ၊ ဇာတ်ရုံမြေနေရာ ရယူလိုသူများသည် ကွင်းချုပ်အဖွဲ့နှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

အသေးစိတ် သိရှိလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၀၄၄-၃၅၀၈၆ နှင့် ၀၄၄-၃၅၄၆၈ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

(ဂေါပကအဖွဲ့)

မြို့ဂုဏ်ဆောင်ရုပ်တုကြီး ကားဝင်တိုက်

ကလေးမြို့လမ်းဆုံရှိ မြို့အလှဂုဏ်ဆောင် ဗန္ဓုလမြင်းစီးရုပ်တုကြီး အနောက်ဘက်ခြမ်းကို မတ် ၄ ရက်တွင် ကားတစ်စီးက အရှိန်နှင့်ဝင်တိုက်မိခဲ့ခြင်းကြောင့် ရုပ်တုအောက်ခြေအလှ ဝိုင်းပတ်ထားသည့် စတီးသံပေါင်များ ပျက်စီးသွားကာ အောက်ခြေစကြံတစ်ခြမ်း ကြေမွပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဂျူနိုင်း)



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Art Card(250 gsm) 23½ "x33"(A 1)(500 Shts/Pkt)	3350 Ream
(ခ)	Art Card(250 gsm) 31"x43"(500 Shts/Pkt)	1050 Ream
(ဂ)	Woodfree Paper 30"(80 gsm)Reel	450 Ton
(ဃ)	Duplex Board (Foreign) 32"x46"(180 gsm) (100 Shts/Pkt)	600 Ream

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၃-၂၀၁၃ရက်မှ ၁၅-၃-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄
၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း၊ ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သပိတ်ကျင်းမြို့နယ်ရုံးပြန်လည်ပြုပြင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သပိတ်ကျင်းမြို့နယ်ရုံးတွင် အောက်ဖော်ပြပါ ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအပေါ်ထပ် မျက်နှာကြက် ကျောက်ပြားများ၊ ကျောက်တန်းများ ပြိုကျပျက်စီးခြင်း

(ခ) ရုံးခန်းနံရံများ ပျက်စီးခြင်း

(ဂ) ရုံးခြံဝင်းပတ်လည် အုတ်စည်းရိုး ပြိုကျပျက်စီးခြင်း

(ဃ) ရေနှင့် လျှပ်စစ်မီးလိုင်းများ ပျက်စီးခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၃-၂၀၁၃ ရက်မှ ၁၂-၃-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၃-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ ပြုပြင်ရမည့် လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက ရုံးတည်ရှိရာ သပိတ်ကျင်းမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉

ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ တဝန်ဖန်ရကျေးရွာ၊ ဘားအံတက္ကသိုလ်၌ တက်ရောက်နေသော စောအောင်ကြည်သွန့်၏ဖခင်အမည်မှန်မှာ ဦးသိန်းခင်(ခ)မောင်သိန်းခင်ဖြစ်ပါကြောင်း။

ဦးသိန်းခင်(ခ)မောင်သိန်းခင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/သမိုင်း၊ မြေကွက်အမှတ် ၂/ည၊ မြေကွက်တည်နေရာအမှတ် ၁၄၅-D၊ သီရိမင်္ဂလာလမ်း၊ ၄ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်တင်ဥ အမည်ပေါက် မြေပိုင်မြေ လ/န ၃၉ ရပြီး အိမ်ရာမြေအား အမည်ပေါက် ဒေါ်တင်ဥထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ် ၅၀၂၉/၂၀၀၃(၂၆-၁၂-၂၀၀၃) ဖြင့် ဒေါက်တာမြင့်စိုးမှ ပိုင်ဆိုင်လာပါသည်။ ဦးမြင့်စိုးသည် ၂၀-၄-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်သွန့်ကြည် ၁၃/လရန(နိုင်)၀၁၂၉၀၆ က တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်မိတ္တူမှန်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သွေးသည် အသက်

မြန်မာ့ဖရဲသီးအလုံးကြီးများ တရုတ်နယ်စပ်၌ ဈေးကောင်းရနေ

၂၀၁၂ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း၌ ပြည်တွင်း ဖရဲစိုက်တောင်သူများ အရှုံးများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ နယ်စပ်၌ မြန်မာ့ဖရဲသီးဈေးကွက်နိမ့်ကျနေခဲ့သည်။

ဖရဲသီးအစုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက " အဲဒီအချိန်တွေက တရုတ်စိုက်ခင်းတွေမှ အထွက်ကောင်းတဲ့အချိန်၊ မြန်မာ့ဖရဲကလည်း ထွက်တဲ့အချိန်၊ ဒီကြားထဲ ဗီယက်နမ်အသီးကလည်း တိုးဝင်လာတဲ့အချိန် ဖြစ်တဲ့အတွက် တရုတ်က သူတို့လူမျိုးဆီကသာ ဦးစားပေးဝယ်တာမို့ မြန်မာ့ဖရဲဈေးကွက် ပျောက်နေတာ" ဟု မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားခဲ့သည်။

၎င်းလများ၌ မူဆယ် ၁၀၅ မိုင်ဈေးကွက်တွင် တရုတ်နှင့် ဗီယက်နမ်ထွက် ဖရဲများကို မြန်မာ့ဖရဲများက မတိုးနိုင်ဖြစ်ခဲ့ရသည်။ မြန်မာ့ဖရဲ တစ်တန်လျှင် အနိမ့်ဆုံးဈေး ယွမ် ၂၀၀၀၊ မြန်မာငွေကျပ် ၂၇၀၀၀၀ ခန့်သာ ရရှိခဲ့သည်။ သယ်ယူစရိတ်ပင် မကျေကြောင်း ကြားသိခဲ့ရသည်။

သယ်ယူစရိတ်မှာ မူဆယ် ၁၀၅ မိုင်စခန်းသို့ ဖရဲတစ်တန် (လုပ်အားခမပါ) မန္တလေးတိုင်းဒေသကြီးအတွင်းမှ သယ်ယူပါက ကားခ ငွေကျပ် ၈၀၀၀၀၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ သယ်ယူပါက ငွေကျပ် ၁၀၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သယ်ယူပါက ၁၁၀၀၀၀၊ ၁၂၀၀၀၀ ဝန်းကျင် ရှိနေကြောင်း စုံစမ်းသိရှိရသည်။

တစ်တန်လျှင် ဖရဲသီးအလုံးပုံမှန်ဆိုက်ဆိုပါက အလုံး ၁၀၀ မှ ၁၂၀ ခန့်ရှိကြောင်း၊ ၁၂ ဘီးကားကြီးနှင့် သယ်ပါက တန်ချိန် ၁၇ တန်၊ ဆယ်ဘီးကားကြီးနှင့်ဆိုပါက တန်ချိန် ၁၅ တန် သယ်ယူနိုင်ကြောင်း သိရသည်။

"ဒီနှစ်ဆန်းပိုင်းမှာ ဖရဲဈေးက အလွန်ပြန်ကောင်းလာတယ်"ဟု ဖရဲအစုဥက္ကဋ္ဌ ဦးနိုင်ဝင်းကပင် သတင်းကောင်းတစ်ခု ထပ်မံပေးခဲ့ပြန်သည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် ယခုမတ်လဆန်းပိုင်း၌ မြန်မာ့ဖရဲဈေးများ ထူးထူးခြားခြားကောင်းလာခဲ့ပြီး ဖရဲတစ်တန်လျှင် ယွမ် ၄၀၀၀ မြန်မာငွေကျပ် ၅၄၀၀၀၀ ကျော်ကို ပဲခူးတိုင်းဒေသကြီးမှ ဖရဲစိုက်တောင်သူ တစ်ဦးက ရရှိလိုက်ခြင်းဖြစ်သည်။

ဈေးကောင်းရရှိလိုက်သူ ပဲခူး

သတင်း၊ဓာတ်ပုံ-အဝယ်တော်ဖိုးထော်

တိုင်းဒေသကြီး ပြွန်တန်ဆာမြို့မှ ဖရဲစိုက်တောင်သူကြီး ဦးအေးလွင်ကို မြန်မာ့အလင်းအဖွဲ့က ဖုန်းဖြင့် ဆက်သွယ်မေးမြန်းကြည့်ခဲ့သည်။

"ဟုတ်ပါတယ်. . .။ ဖေဖော်ဝါရီ ၂၈ ရက်က တက်ရောင်းခဲ့တာပါ။ ဖရဲအလုံးကလှတော့ တစ်တန်ကို

ကြည့်မြင်တိုင်ဖရဲသီးတန်းမှ ရောင်းတမ်းဝင်ဖရဲသီးများ

ယွမ် ၄၀၀၀ ကျော် မြန်မာငွေကျပ် ၅၄၀၀၀၀ ကျော်ရခဲ့ပါတယ်။ ဖရဲတန်ချိန် ၃၆ တန် ရောင်းလိုက်ပါတယ်ခင်ဗျ" ဟု ပြန်လည်ဖြေကြားခဲ့သည်။ ပြန်လည်တွက်ကြည့်ပါက ဖရဲသီးတစ်လုံးလျှင် မြန်မာငွေကျပ် ၇၇၀၀ ကျော် ဈေးရခဲ့ရာ ဝမ်းမြောက်ဖွယ်သတင်းတစ်ရပ်ပင် ဖြစ်သည်။

တောင်သူကြီး ဦးအေးလွင်၏ ဖရဲစိုက်ခင်းမှ ဖရဲသီးများသည် အလုံး ၇၀ ခန့်နှင့်ပင် တစ်တန်ပြည့်မီခဲ့သည်ဟု သိရသည်။ ဖရဲသီးတစ်လုံးလျှင် ကီလို ၂၀ ခန့် အလေးချိန်ရှိပြီး အလုံးအဝန်းမှာ သောက်ရေသန့်ဘူးကြီးပမာကြီးမား၍ သယ်ယူရာ၌ တစ်ဦးနှင့်တစ်ဦး ပစ်သယ်ခြင်းမလုပ်နိုင်ဘဲ ထမ်းသယ်ခဲ့ရသည်ဟု ဖရဲစိုက်တောင်သူကြီးက ဆိုခဲ့သည်။

ယခုအခါ မူဆယ် ၁၀၅ မိုင်စခန်းသို့ မြန်မာ့ဖရဲသီးတင် ဆယ်ဘီး၊ ၁၂ ဘီးကားများဖြင့် တစ်နေ့လျှင် အစီး ၁၅၀ ခန့် ဝင်ရောက်နေကြောင်း မူဆယ်ဂိတ်မှ သတင်းရရှိသည်။ ယနေ့အရောင်းအဝယ် ကောင်းနေသော ဖရဲသီးများသည် ပြီးခဲ့သော ဒီဇင်ဘာလနှင့် ယင်းလမတိုင်မီက စိုက်ပျိုးခဲ့သော အသီးများဖြစ်ကြောင်း ဦးနိုင်ဝင်းက ဆိုသည်။

ဖရဲသီးများကို မြန်မာနိုင်ငံအလယ်ပိုင်း၌ မြောက်မြားစွာစိုက်ပျိုးခဲ့ကြပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးလျက်ရှိနေသည်။

ရန်ကုန်၌ ဖရဲသီးအများဆုံး အရောင်းအဝယ်ပြုသောနေရာမှာ လှိုင်သီရိမင်္ဂလာဈေးသစ်ကြီးအတွင်းနှင့်ကြည့်မြင်တိုင်မြို့နယ် ယခင် သီရိမင်္ဂလာဈေးဟောင်းကြီးရှေ့ နေရာများ ဖြစ်သည်။ ကြည့်မြင်တိုင် ဖရဲတန်း၌ ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀မှ ၄၀၀၀အထိဈေးရှိနေကြောင်း သစ်သီးဝလံဈေးကွက် သတင်းတစ်ပုဒ်အဖြစ် ဖြန့်ခင်းရေးသားလိုက်ရပါသည်။

သွေး သည် အသက်

ပြည်တွင်းသတင်းနှင့် မှုခင်း

ရန်ကုန် City FM အချိန်ထပ်မံ တိုးချဲ့ထုတ်လွှင့်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ၏ လေလှိုင်းအသံလွှင့်မီဒီယာတစ်ခုဖြစ်သည့် ရန်ကုန် City FM သည် မီဒီယာလောက ဖွံ့ဖြိုးမှုနှင့်အပြိုင် လေလှိုင်းပြည်သူလူထုအတွက် ထပ်မံတိုးချဲ့ထုတ်လွှင့်မှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

City FM အသံလွှင့်ဌာနကို ရန်ကုန်မြို့တော်စည်ပင်က စတင်အကောင်အထည်ဖော် ထုတ်လွှင့်ခဲ့ပြီး ယခုအခါ ၁၀ စုနှစ် တစ်ခုကျော်၍ ၁၁ နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ယခုအခါ ၎င်းအသံလွှင့်ဌာနသည် ပုဂ္ဂလိကအသံလွှင့်ဌာန တစ်ခုအနေဖြင့် တည်ရှိနေပြီး ပြည်သူအတွင်းဖြစ်ပျက်နေသည့် ပြည်သူ့သတင်းများကို ယခင်က နံနက် ၉ နာရီ တစ်ကြိမ်၊ ည ၅ နာရီတစ်ကြိမ် ထုတ်လွှင့်ပေးခဲ့သော်လည်း၊ ယခုအခါ ပြည်သူများ၏ တောင်းဆိုချက်အရ တစ်နေ့ လေးကြိမ်ထက်မနည်း စတင်ထုတ်လွှင့်ပေးတော့မည်ဖြစ်ပြီး ပြည်သူများအတွက် ၂၄ နာရီပတ်လုံး အသံထုတ်လွှင့်ဝန်ဆောင်မှုကို ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ထုတ်လွှင့်ပေးနိုင်ခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ City FM ထုတ်လွှင့်မှုတာဝန်ခံ ဦးခင်မောင်မြင့်က "ကျွန်တော်တို့ City FM ရေဒီယိုလိုင်းဟာ အရင်က ခေတ်ပေါ်အစီအစဉ်တွေ တိုးချဲ့ထုတ်လွှင့်ခဲ့တာပါ။ အခု ပြည်သူလူထုအတွင်း အချိန်နဲ့တစ်ပြေးညီဖြစ်ပျက်နေတဲ့ ပြည်သူတွေ၊ သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကို လေလှိုင်းပြည်သူများရဲ့ တောင်းဆိုမှုအရ မတ် ၁ ရက်မှစပြီး အရင်တစ်နေ့နှစ်ကြိမ်မှ လေးကြိမ်အထိ ထပ်မံတိုးချဲ့ထုတ်လွှင့်လျက်ရှိပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

စိန်လွင် (မြန်မာ့အလင်း)

ရေးမြို့နယ် ပင်လယ်ပြင်၌ လူသတ်မှုဖြစ်

မော်လမြိုင် မတ် ၅

မွန်ပြည်နယ် ရေးမြို့နယ်နှင့်ရေဖြူမြို့နယ်အစပ် ခေါဇမြို့နယ်ခွဲ တောင်ဘက်ရေမိုင် ၅၀ ရှိ ပင်လယ်ပြင်၌ မတ် ၁ ရက် ညနေ ၃ နာရီခွဲခန့်က ရေးမြို့နယ် အစင်ကျေးရွာ ဦးသန်းထိုက်ပိုင် "အောင်ဇင်ယော်" ငါးဖမ်းစက်လှေသည် ငါးဖမ်းနေစဉ် ပဲ့နင်းဖြစ်သူ ဝင်းသောင်း(၄၀)၊ မင်းစေတီလမ်း မင်းစေတီရပ် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူအား စက်လှေပေါ်တွင်ပါရှိသူ ရေလုပ်သား နိုင်လင်းထွန်း(ခ) နိုင်လင်းအောင်(ခ)ငမုတ် (၂၈)နှစ်၊ မြောက်ပိုင်းခြံစုရပ် မုရစ်ကလေးရွာ ချောင်းဆုံမြို့နယ်နေသူအပါအဝင် ရေလုပ်သား ၁၁ ဦးက ပိုက်ဆွဲခဲသီး (အင်္ဂတေတုံး)ဖြင့် ရိုက်သတ်ပစ်ချခဲ့သောကြောင့် ဝင်းသောင်းမှာ သေဆုံးသွားခဲ့သည်။ ၎င်းအလောင်းကို ပင်လယ်ပြင်သို့ ပစ်ချခဲ့ပြီး ပျောက် ဆုံးလျက်ရှိသဖြင့် "အောင်ဇင်ယော်" စက်လှေ၏ စက်ဆရာဖြစ်သူ ဦးကျော်နိုင်ဦး (၃၂)နှစ် ခမင်းကုန်းကျေးရွာ ရေးမြို့နယ်နေသူက ရေလုပ်သား နိုင်လင်းထွန်း(ခ)နိုင်လင်းအောင်(ခ)ငမုတ်ပါ ရေလုပ်သား ၁၁ ဦးကို ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားခဲ့သဖြင့် ရေးမြို့နယ် ခေါဇမြို့နယ်ခွဲရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(တင်ထွဋ်)

လူတစ်ဦးကြိုးဆွဲချသေဆုံး

ညောင်လေးပင် မတ် ၅

ပဲခူးတိုင်းဒေသကြီး ရေဖြူကန်ကျေးရွာတွင် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်း သတင်းအရ ညောင်လေးပင်ရဲစခန်းမှ ဒုရဲအုပ် မျိုးမင်းအောင်သည် သက်သေများနှင့်အတူ မတ် ၄ ရက် နံနက် ၆ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူ အောင်မျိုးထွန်း (၃၃)နှစ်သည် နေအိမ်တွင် မည်သူမျှမရှိခိုက် နေအိမ်ရှေ့ ထုပ်တန်း၌ လည်ပင်းတွင် ကြိုးကွင်းစွပ်လျက် ပြင်ပဒဏ်ရာများမရှိ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အလောင်းကို ညောင်လေးပင် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

သေဆုံးသူ အောင်မျိုးထွန်းသည် အိမ်ထောင်ပျက်ဖြစ်ပြီး အရက်အလွန်အကျွံသောက်ကာ ဦးတည့်ရာလျှောက်သွားနေသော စိတ်မနှံ့သူဖြစ်ကြောင်း သိရသည်။ **နေလင်း (ညောင်လေးပင်)**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်၊ ပထမ သုံးလ (၂၀၁၃ခုနှစ် ဧပြီလမှ ဇွန်လအထိ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်ယန္တရားများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၀၇၀၊ ၀၆၇-၄၁၁၁၈၀၊ ဖက်စ်-၀၆၇-၄၁၁၁၈၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အဆောက်အအုံငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနပိုင် အမှတ် ၁၆၃/၁၆၉၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မော်တော်ယာဉ်အလုပ်ရုံ သုံးထပ်၏ ပထမထပ် (အလျား ၁၄၂ပေ× အနံ ၄၂ပေ)အား ပုဂ္ဂလိကသို့ ငှားရမ်းမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ၇-၃-၂၀၁၃ရက်မှ ၁၃-၃-၂၀၁၃ရက်အထိ တစ်စောင်လျှင် ၃၀၀၀ိ/-(ကျပ်သုံးထောင်)နှုန်းဖြင့် အောက်ပါဌာနများတွင် ရောင်းချပေးမည် ဖြစ်ပါသည်-

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊နေပြည်တော်

(ခ) စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းခြင်းအား ရုံးအမှတ် ၃၂၊ ဂိုဒေါင်အမှတ် ၁၀၊ နေပြည်တော်တွင် ၁၄-၃-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း ဆောင်ရွက်မည်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါကြီးကြပ်မှုကော်မတီနှင့် တင်ဒါတင်သွင်းသူများ ရှေ့မှောက်၌ အိတ်ဖွင့်တင်ဒါများအား ဖွင့်ဖောက်စိစစ်၍ တင်ဒါအောင်မြင်သူအား ကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၆၃၂၂၊ ၄၀၆၀၈၈

(ခ) စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၁၀၃၉

တင်ဒါကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
နေပြည်တော်

ပျောက်ဆုံး

ကျွန်တော် ဦးမာတူး ၁၃/တမည(နိုင်)၀၀၁၄၉၇၏ PP နံပါတ် A 313600 ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၀၁၅၂၃၅၀၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၃၀၀၊ ကမ္ဘာအေးဂမုန်းပွင့်၊ ကွန်ဒိုမီနီယံ၊ တိုက်ခန်းအမှတ် 8-D၊ ရှစ်လွှာ၊ ကွန်ဒိုတိုက်ခန်းအား စာချုပ်စာတမ်းဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည်ဟု ဝန်ခံအဆိုပြုသူများဖြစ်သော ဒေါ်ခင်မြကြွယ် ၁၂/မဂတ(နိုင်)၀၃၂၉၄၉၊ ဒေါ်မချစ်ချစ် ၁၂/ဗဟန(နိုင်) ၀၇၀၂၅၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ပွင့်(ခ)ဒေါ်မေပြည့်စုံ LL.B, D.B.L, D.I.L
အထက်တန်းရှေ့နေ
အမှတ် ၅၅၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၂၅၇၉၅၊ ၀၉-၅၀၅၃၄၂၄



ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျေ၊ မြေကွက်အမှတ် V၁၃၂၊ မြေကွက်တည်နေရာအမှတ် ၄၄၊ ဇီဇဝါလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဒေါ်လှမြင့် CI-၀၃၉၀၄၀ အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှမြင့်(မိခင်)နှင့် ဦးကျော်စိန်(ဖခင်)ကွယ်လွန်သဖြင့် (၁)ဒေါ်အေးအေးမြင့် ၁၂/ပဇတ(နိုင်)၀၁၂၂၃၆၊ (၂) ဒေါ်ကြည်ကြည်မြင့် ၁၂/ပဇတ(နိုင်)၀၁၄၃၁၃၊ (၃) ဒေါ်စန်းစန်းမြင့် ၁၂/ပဇတ(နိုင်)၀၁၄၈၅၅တို့က သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ၎င်းတို့၏ကိုယ်စား (GP) ၁၁၃၁၈/၁၂ (၂၅-၆-၁၂)ရသူ ဦးမောင်မင်း(ခ)ဦးဂျေမင်း ၁၂/ဒဂန(နိုင်)၀၂၁၇၅၉မှ မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငှားရမ်းလိုပါသည်

ပေ(၈၀×၁၃၀)မြေကွက်ပေါ်၌ ပေ (၆၀×၈၀)နှစ်ထပ် RC အဆောက်အအုံ၊ ရုံးပုံစံ၊ ကျောင်းပုံစံ ဆောက်လုပ်ထားပါသည်။ အခန်းလေးခန်းနှင့် Hall ခန်းများပါဝင်သည်။ အငှားတစ်လ သိန်း ၅၀ ငှားရမ်းလိုပါသည်။ အမှတ် ၂၈၊ ဂန္ဓမာ ၅ လမ်း၊ ယုဇနပလာဇာနောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ **ဖုန်း-၀၉-၅၁၁၁၂၉၀**

ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်

ဝန်ထမ်းကတ်နှစ်ကတ်နှင့် ဘဏ်ကတ်တစ်ကတ်ပါဝင်သော အနက်ရောင်အိတ် (အသေး) သည် TAXI တစ်စီး၏ နောက်ခန်းတွင် မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၆၆၀၅၃၈၊ ၀၉-၄၂၅၀၁၁၃၃၃၊ ၀၉-၄၂၅၀၀၃၉၁၅

နိုင်ငံတကာအားကစားသတင်း

အင်တာမီလန်တို့ စပါးကွင်းမှာ အခက်တွေ့မယ့် ယူရိုပါလိဂ်ပွဲစဉ်

ကမ္ဘာ့ထိပ်တန်းကလပ်အသင်းတွေရဲ့ ပြိုင်ပွဲတွေတစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲနေလို့ ဘောလုံးပရိသတ်တွေလည်း ဘောလုံးပွဲတွေကို ရသမျိုးစုံခံစားစောင့်ကြည့်နေရတဲ့ အချိန်ပါပဲ။ ဥရောပရဲ့ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေ၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွေ ကစားပြီးတာနဲ့ ယူရိုပါလိဂ်ပွဲစဉ်တွေက စောင့်ကြိုနေပြန်ပါတယ်။ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို မတ် ၇ ရက်မှာ ကစားမှာမို့ ယူရိုပါလိဂ်ဖလားအရယူဖို့ ကြိုးစားနေကြတဲ့ အသင်းတွေအတွက် ပြင်းထန်တဲ့ စိန်ခေါ်မှုတွေက ဆီးကြိုနေပြန်ပါတယ်။

စပါးနှင့် အင်တာမီလန်

ခြေစွာနေတဲ့ စပါးဟာ ယူရိုပါလိဂ်ဖလားကို ရယူဖို့ မျှော်မှန်းနေတာမို့ ဒီပွဲမှာတော့ အင်တာမီလန်ကို အိမ်ကွင်းမှာ သေသေချာချာ ပြင်ဆင်ပြီး ညှော့ခံပါလိမ့်မယ်။ စပါးဟာကစားအားရှိပြီး အိမ်ကွင်းမှာ ထိပ်တန်းအသင်းတွေကို ဖြိုလှဲနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ပြိုင်ဘက်အသင်းတွေ အလေးထားကစားနေရတဲ့စပါးကို အင်တာမီလန်တို့ ဘယ်လိုစုဖွဲ့ပြီး ချီတက်လာမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ နှစ်သင်းစလုံးရဲ့ ပြည်တွင်းလိဂ်ပွဲစဉ်တွေမှာ ခြေစွမ်းနဲ့ ရလဒ်တူညီနေကြတာမို့ ဒီပွဲက ပြင်းထန်တဲ့ ထိပ်တိုက်ရင်ဆိုင်မှုပါပဲ။ မြန်နှုန်းမြင့်ကစားနိုင်တဲ့ စပါးကို ပါဝါကောင်းတဲ့ အင်တာမီလန်တို့ ဘယ်လိုဗျူဟာနဲ့ ယှဉ်ပြိုင်မလဲဆိုတာ

စပါးအသင်းမှဂါရက်ဘေးလ် အင်တာမီလန် ဘက်သို့ ထိုးဖောက်ကစားစဉ်။

စိတ်ဝင်စားစရာကောင်းနေပါတယ်။

အန်ဇီနှင့် နယူးကာဆယ်

အန်ဇီဟာ အိမ်ကွင်းမှာနိုင်ပွဲရအောင် ကစားတတ်ပြီး တိုက်စစ်မှူးက ပြိုင်ဘက်အသင်း ဂိုးဧရိယာအတွင်း မှာကြံ့သလို ဂိုးသွင်းနိုင်ကြသူတွေ ဖြစ်ပါတယ်။ အပတ်နဲ့အတား ကောင်းတဲ့ခံစစ်မှူးတွေက တစ်ခါတစ်ရံ နားလည်မှုလွဲတတ်တာ အားနည်းချက်တစ်ရပ်ပါပဲ။ နယူးကာဆယ်တို့က ပြိုင်ပွဲအရပ်ရပ်မှာ ရုန်းကန်နေရတဲ့ အသင်းဖြစ်ပြီး ခြေစွမ်းပုံမှန်ရဖို့ကြိုးစားနေရတဲ့အခြေအနေမို့ ဒီပွဲမှာ အဝေးကွင်းလည်း ဖြစ်နေတာကြောင့် နိုင်ပွဲရဖို့ခက်ခဲပါလိမ့်မယ်။ အန်ဇီက အိမ်ကွင်းမှာ ညာတာမှုကင်းကင်းနဲ့ ကစားမှာမို့ နယူးကာဆယ်တို့ အသက်ရှူမှားအောင် ကစားရမယ့်ပွဲပါပဲ။

စတုဂတ်နှင့် လာဇီယို

အားအင်အပြည့်နဲ့ ကစားတတ်တဲ့ နှစ်သင်းဆုံတွေ့ကြတဲ့ပွဲမို့ အကြိတ်အနယ်နွှဲရမယ့် အနေအထားပါပဲ။ စတုဂတ်ဟာ အိမ်ကွင်းခြေစွမ်းကောင်းအောင် ကြိုးစားနေတဲ့အသင်းဖြစ်ပြီး လာဇီယိုတို့ကလည်း စီးရီးအေမှာ ကာလာရှိတဲ့ အသင်းဖြစ်ပါတယ်။ ထိပ်တန်းအသင်းကြီးတွေ အလေးအနက်ထားကစားရတဲ့ လာဇီယိုကို စတုဂတ်တို့ အမာခံကစားသမားတွေ အကုန်ထုတ်သုံးမှာပါလိမ့်မယ်။ ဒါပေမယ့် စတုဂတ်တို့ကအိမ်ကွင်းဆိုပေမယ့် လာဇီယိုရဲ့တွန်းအားဖိအားတွေရဲ့ ဒဏ်ကိုခံနိုင်ပါ့မလားဆိုတာ သံသယတော့ဖြစ်မိတာ အမှန်ပါပဲ။

စတုအာဘူခါရက်နှင့် ချယ်လ်ဆီး

ဘူခါရက်ရဲ့ ကွင်းလယ်ပိုင်း အားနည်းချက်က ချယ်လ်ဆီးကို ဖိအားပေးကစားနိုင်ဖို့ ခက်ခဲမှာတော့ အမှန်ပါပဲ။ ချယ်လ်ဆီးဟာ ဒီနှစ်ဘောလုံးရာသီမှာ ဖလားလက်မဲ့ မဖြစ်ဖို့အတွက် ယူရိုပါလိဂ်ဖလားကို အာရုံစိုက်ကစားမှာတော့ သေချာပါတယ်။ နည်းပြဘင်နီတက်ဇ်က ဖလားတစ်လုံးယူပေးပြီးမှ ထွက်ခွာမယ်ဆိုထားတာမို့ ဒီဖလားကို အိပ်မက်တစ်ခုလို သဘောထားပြီး ဘင်နီတက်ဇ် ပြင်ဆင်ပါလိမ့်မယ်။ ဒီပွဲမှာ ညှော့သည် ချယ်လ်ဆီးတို့အတွက် အနိုင်ရအောင် အားထုတ်မယ့်ပွဲဖြစ်ပါလိမ့်မယ်။

မိုးမြင့်လင်းလက်
ရေးသားသည်

မန်စီးတီးက မန်ယူကို အမီလိုက်ရန်ကြိုးစားနေ

ယမန်နေ့ညပိုင်းက အက်စ်တွန်ဗီလာအသင်းနှင့် မန်စီးတီးအသင်းတို့ ပရီမီယာလိဂ်လက်ကျန်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးက တိုက်စစ်မှူးကားလို့စ်တီဗက်ဇ်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။ မန်စီးတီးတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ထိပ်ဆုံးရောက်မန်ယူနှင့် ၁၂ မှတ်သာ ကွာဟမှုရှိတော့သည်။

ဟွန်ဒါကလပ်ဆစ် ဂေါက်သီးပြိုင်ပွဲ

အမေရိကန်ဂေါက်သီးကစားသမား မိုက်ကယ်သော်မဆင်သည် ဟွန်ဒါကလပ်ဆစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ချက်အောက် ကိုးချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားသည်။ ယင်းဖလားသည် ၄င်းအတွက် ပထမဆုံးသော ပီဂျီအေဖလားဖြစ်သည်။ မိုက်ကယ်သော်မဆင်သည် နောက်ဆုံးနေ့တွင် ဩစတြေးလျမှ ဂျော့ဂျ်ဝီနှင့် အကြိတ်အနယ်ကစားပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘက်ခမ်းအား တရုတ်ဘောလုံးသံတမန်ခန့်အပ်

ဒေးဗစ်ဘက်ခမ်းအား တရုတ်ဘောလုံးဆိုင်ရာသံတမန်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။ တရုတ်နိုင်ငံကိုယ်စားပြု ဘောလုံးပြိုင်ပွဲများတွင် ဒေးဗစ်ဘက်ခမ်းပုံကို အသုံးပြုသွားမည်ဖြစ်သည်။ မိမိအား တရုတ်ဘောလုံးသံတမန်အဖြစ် ခန့်အပ်တာဝန်ပေးသည့်အတွက် ဂုဏ်ယူမိပါကြောင်း ဒေးဗစ်ဘက်ခမ်းကပြောကြားသည်။ ဒေးဗစ်ဘက်ခမ်းသည် တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသော ဘောလုံးပြိုင်ပွဲများကို တက်ရောက်မည်ဖြစ်သကဲ့သို့ ကလပ်အသင်းများသို့လည်း သွားရောက်ကာ ဘောလုံးသမားများနှင့် တွေ့ဆုံစကားပြောကြားမည်ဟုဆိုသည်။

ကောင်းမြတ်သူ - ရေးသားသည်

UNITY FOR GOLD **WE CAN DO**

ယဉ်ကျေးမှုဝန်ကြီးဌာနက လှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(အကြို)ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၈-၂-၂၀၁၂ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အောင်မြင်စွာကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် စုပေါင်းလေ့ကျင့်မှုများ၊ ပြင်ဆင်မှုများပြုလုပ်ခြင်းအတွက် အားကစားကွင်းနှင့် အစည်းအဝေးခန်းများ အသုံးပြုခွင့်ခြင်းအပါအဝင် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သော Max Myanmar ကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်နှင့် ကုမ္ပဏီဝန်ထမ်းများအားလည်းကောင်း၊ ဖွင့်ပွဲအခမ်းအနားအတွက် အကြံပေးပါသော မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့အားလည်းကောင်း၊ အခမ်းအနားအစီအစဉ်များ တင်ဆက်နိုင်ရန်အတွက် ဦးဆောင်သူများဖြစ်သော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ လ/ထ ကထိက ဒေါ်မြင့်မြင့်ကြည်၊ လ/ထ ကထိက ဒေါ်မင်းမင်းစိုးတို့အားလည်းကောင်း၊ အစီအစဉ်တင်ဆက်သူများဖြစ်သော ကိုသူရဝင်း၊ ကိုဇေယျာလင်း၊ ကိုဇော်မျိုးဦး၊ မအေးလဲ့ကံဇော်၊ မသီရိမေ၊ မမြင့်မိုရ်ချစ်မာလာ၊ မဝတ်ရည်လှိုင်၊ မချောစုစုကြည်တို့အားလည်းကောင်း၊ ခရီးလွန်နေ၍ အခမ်းအနားတွင် သီဆိုဖျော်ဖြေနိုင်ခြင်းမရှိသော မဟာသီချင်းတေးသံရှင် ဇော်ဝင်းထွဋ်၊ ပြည်ထောင်စုကြီး ဒို့ရဲ့မြန်မာသီချင်းသီဆိုသူ တေးသံရှင်နေနေ တို့အားလည်းကောင်း၊ တေးသီချင်းများကို ဖွင့်ပွဲအခမ်းအနားတွင် အသုံးပြုခွင့်ပေးခဲ့ပါသော မူရင်းတေးရေးဆရာများအားလည်းကောင်း၊ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အနုပညာရှင်များ၊ ဖျော်ဖြေရေးအဖွဲ့များ၊ လုပ်အားဖြင့် ကူညီဆောင်ရွက်ပေးကြသော အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုညစာဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသော Adventure Myanmar Travel Co.,Ltd. အားလည်းကောင်း၊ အမည်မပါရှိသော်လည်း ဖွင့်ပွဲအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ
ဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေးကော်မတီ

သုံးခွမြို့နယ်ပြည်သူ့ဆေးရုံကြီး ဘက်စုံမွမ်းမံပြင်ဆင်လျက်ရှိ

သုံးခွ မတ် ၅

အာရောဂျံ ပရမံလာဘံ ဆိုသည့် စကားနှင့်အညီ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်၍ လူတိုင်းအတွက် အခြေခံအကျဆုံးနှင့်အရေးကြီးဆုံး လိုအပ်ချက်ကြီးသည်လည်း ကျန်းမာခြင်းပင် ဖြစ်သည့်အတွက် စောင့်ရှောက်မှုလည်းလိုအပ်ပါသည်။

ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု၏ အခြေခံဌာနကြီးတစ်ခုဖြစ်သည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၏ ပြည်သူ့ဆေးရုံကြီးကို ပြည်သူများ၏ အားဖြင့် မွမ်းမံတည်ဆောက်ခဲ့သည်မှာ ၁၉၈၉ခုနှစ်ကတည်းကဖြစ်ရာ နှစ်ပေါင်း ၂၄ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည့် အတွက် အဘက်ဘက်မှ ယိုယွင်းပျက်စီးမှုများ များပြားလျက်ရှိနေပြီ ဖြစ်သည်။

ယင်းပျက်စီးမှုများကို ဘက်စုံမွမ်းမံ ပြင်ဆင်နိုင်ရန်ကော်မတီဖွဲ့စည်းပြီး ပြင်ဆင်လျက်ရှိရာ ဘက်စုံမွမ်းမံပြင်ဆင်ရေးကော်မတီဝင်များက စုပေါင်းထည့်ဝင် လှူဒါန်းငွေကျပ်သိန်း ၅၀ဖြင့် လုပ်ငန်းငါးခုကို စတင်ဆောင်ရွက်ရာ အိမ်သာ ၁၂ ခန်း ပြုပြင်ခြင်းနှင့်မိလ္လာကန်များ သန့်ရှင်းခြင်း၊ ၂၄နာရီ ရေရရှိရေးအတွက် အစိုးရကန်ကြီးမှ ရေပိုက်လိုင်းအသစ်သွယ်တန်းခြင်း၊ ပြင်ပလူနာဆောင် အမိုးများပြုပြင်ခြင်း၊ မျက်နှာကျက်များပြုပြင်ခြင်း၊ အုတ်ရေကန်နှင့် ရေတိုင်ကီများပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

စေတနာရှင် အလှူရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ မြို့နယ်ဆရာဝန်ကြီးဒေါက် တာစိုးဝင်း ဖုန်း-၀၉-၄၂၅၂၉၁၀၇၈၊ ဘက်စုံနာယက ဒေါက်တာခင်မောင်လင်းဖုန်း-၀၅၆-၄၀၂၄၄၊ ဘဏ္ဍာငွေ ထိန်းသိမ်းရေးအဖွဲ့ ဦးကျော်မြင့် ဖုန်း-၀၅၆-၄၀၂၀၇၊ ဘက်စုံဥက္ကဋ္ဌ ဦးချစ် ကိုကို ဖုန်း-၀၉-၄၂၅၃၂၅၉၉၆၊ တွဲဘက်အတွင်းရေးမှူးဦးနေအေး ဖုန်း-၀၉-၄၂၀၀၀၂၉၂၉၊ ဘဏ္ဍာရေး(စာရင်း)ဦးကြည်လှ ဖုန်း-၀၅၆-၄၀၆၁၈နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံတွင် လည်း ဆက်သွယ်လှူဒါန်း နိုင်ပါကြောင်း သိရှိရသည်။ **ကြည်စိုးလွင်(သုံးခွ)**



ရွှေဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ကျင်းပမည်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် ရှေးဟောင်းဘုရားပုထိုးစေတီ အများအပြားတည်ထားကိုးကွယ်သည့် ဒေသဖြစ်သကဲ့သို့ နိုင်ငံကျော် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘော်ကြိုဘုရားကြီးမှာ သီပေါမြို့၏ အနောက်ဘက်ခြမ်း မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးနှင့် မီးရထားလမ်းအကြား ဒုဋ္ဌဝတီမြစ် မြောက်ဘက်အရပ်တွင် တည်ရှိသည်။

ဘော်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်က နှစ်စဉ်တပေါင်းလဆန်း ၇ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ဘုရားပွဲတော်အဖြစ် ကျင်းပခဲ့ပေသည်။ ထို့နောက် ပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ယနေ့တိုင် အောင်ဖြစ်သည်။

ယခုအခါ ဘော်ကြိုဘုရား(မုဋ္ဌောစေတီတော်)မြတ်ကြီး၏ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးဦးစီး ကော်မတီနာယက သီပေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော် ဦးဆောင်သော ဘော်ကြို ဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အဖွဲ့ဝင်များသည် မြို့နယ် သံဃာ့နာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရှေးဟောင်းသမိုင်း ဝင်ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၄ခုနှစ် တပေါင်း လဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၂၁ ရက်မှ ၂၆ ရက်) ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး အထွေထွေဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ရွှေပြား၊ရွှေသင်္ကန်း၊ လျှပ်စစ်မီးနှင့်အလှူငွေများ လှူဒါန်းလိုကြသော ရဟန်းရှင်လူ စေတနာရှင်များ စိတ်ချမ်းမြေ့စွာ လှူဒါန်းနိုင်ရေးအတွက် ဘော်ကြိုဘုရားကြီး ရင်ပြင်တော်ပေါ်တွင် အလှူခံဌာနများ ဖွင့်လှစ်စီစဉ်ထားရှိကြောင်း သိရသည်။

စိုင်းသာလှိုင်(လိမ္မော်မြေ)

အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်

စစ်တွေ မတ် ၅

အရေးပေါ်အခြေအနေတွင် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း နားလည်သဘောပေါက်စေရန်၊ အရေးပေါ်အခြေအနေတွင် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးစေရန်အတွက် အရေးပေါ်တုံ့ပြန် ကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်း ဆောင်ရွက်နိုင်စေရန်၊ အရေးပေါ်အခြေအနေ တည်ငြိမ်လာသည်နှင့် ပြည့်စုံသော မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အစီအစဉ်များ ကြိုတင် ရေးဆွဲနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် UNFPA အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်ပွဲကို မတ် ၁ရက် နံနက် ၉ နာရီက စစ်တွေမြို့အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးနှင့်စီမံကိန်းဝန်ကြီး ဦးမြမောင်နှင့် ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးငြိမ်းတို့က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြို့နယ်ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ်များ၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်များက သင်တန်းသားများအဖြစ် တက်ရောက်ကြသည်။ သင်တန်းမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်သည်။

ဖွင့်လှစ်ပို့ချ

၎င်းသင်တန်းကို ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ဘူးသီးတောင်၊ ရသေ့တောင် မြို့နယ်များတွင်လည်း ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(လေးဝတီထွန်းစောခိုင်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၃၁)ကြိမ်မြောက် ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကျင်းပမည်

မော်လမြိုင် မတ် ၅

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် မွန်ဒေသလုံးဆိုင်ရာ ရာမညဓမ္မာစရိယ စာဖြေပွဲကျင်းပရေး ကော်မတီက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၁) ကြိမ်မြောက် မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယ ပရိယတ္တိစာဖြေပွဲကို မော်လမြိုင်မြို့ ရှိ သာသနာ(၂၅၀၀) ရာမညဓမ္မဗိမာန်၌ မတ် ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ပရိယတ္တိစာမေးပွဲ (မူလတန်း၊ အငယ်တန်း၊ အလယ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယတန်း)တွင် စာဖြေရှင်သာ မဏေများနှင့်ရဟန်းတော်များအပါး ၁၇၀၀ခန့် ဖြေဆိုကြမည်ဖြစ်ပြီး စာမေးပွဲတွင် ဩဝါဒါစရိယ ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာစစ်၊ စာထောက်ဆရာတော်များ အပါး ၁၀၀ ကျော်က ကြီးကြပ်ဆောင်ရွက်ပေးကြမည် ဖြစ်သည်။

စာဖြေသံဃာတော်များအတွက် ဆွမ်းတစ်ရက်လျှင် ငွေကျပ် ၁၀ သိန်း၊ ဆွမ်းတစ်နပ်လျှင် ငွေကျပ် ငါး သိန်း၊ ဆွမ်းတစ်ဝိုင်းလျှင်ငွေကျပ် ၅၀၀၀၊ အချိုပွဲတစ်နပ်လျှင် ငွေကျပ် တစ်သိန်းကုန်ကျမည်ဖြစ်ရာ အလှူရှင်များ ပါဝင်လှူဒါန်းလိုပါက သာသနာ (၂၅၀၀)ကျောင်း ဖုန်း-၀၅၇-၂၄၀၇၉၊ ဥက္ကဋ္ဌ နိုင်မင်းချစ်ငွေ ဖုန်း-၀၉-၅၃၂၃၁၂၇၊ ဒုတိယဥက္ကဋ္ဌနိုင်ညဏ် ဖုန်း - ၀၅၇-၂၄၆၆၉နှင့် အတွင်းရေးမှူးနိုင်ထွန်းအောင် ဖုန်း-၀၅၇-၂၅၅၀၁ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

သွားနှင့်ခံတွင်းကျန်းမာရေး အခမဲ့ကွင်းဆင်းကုသ

ပင်လောင်း မတ် ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ပအိုဝ်းကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေး ကောင်စီအဖွဲ့တို့ ပူးပေါင်း၍ သွားနှင့်ခံတွင်း ကျန်းမာရေး(အခမဲ့) ကွင်း ဆင်းစစ်ဆေးကုသ ဆောင်ရွက်မှုကို မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေး ကုသမှုအဖွဲ့ကို မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးကောင်စီအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာပိုင်စိုး ဦးဆောင်၍ အဖွဲ့ဝင် ၃၀ ဖြင့် လာရောက်ခြင်း ဖြစ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ပင်လောင်း မြို့နယ် တာဝန်ခံဦးခွန်လှဆန်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးတို့က လိုအပ်သည့် အထောက် အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်မှုပေးခြင်းနှင့်ပင်လောင်း မြို့နယ် တာဝန်ခံဦးခွန်လှဆန်းက လာရောက် ဆေးကုသသူများအား တစ်ဦးလျှင် သွားတိုက်ဆေးတစ်ဘူး စီကို လှူဒါန်းပေးခဲ့သည်။ နောင် တရားမြို့နယ်ခွဲတွင်လည်း မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကွင်းဆင်း စစ်ဆေး ကုသပေးကြောင်း သိရ သည်။

ထိုကဲ့သို့ အခမဲ့ ကွင်းဆင်း စစ်ဆေးကုသမှုပေးခြင်းဖြင့် မြို့နယ်အတွင်းရှိ သွားနှင့်ခံတွင်းဝေဒနာရှင် များ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအနေဖြင့် လွန်စွာ ကြည်နူးဝမ်းမြောက်ရပါကြောင်း ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ အနေ ဖြင့် အခြေခံလူတန်းစားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို မကြာ ခဏ ကွင်းဆင်းစောင့်ရှောက်မှုပေးခြင်းဖြင့် ပြည်သူတို့၏ ယုံကြည် ကိုးစားမှုကို အပြည့်အဝရရှိကြမည်ဖြစ်ကြောင်း ဆေးကုသမှုခံယူ သော ပြည်သူများထံမှ ကြားသိရပါသည်။

ထွန်းလင်း(ပင်လောင်း)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး၌

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၂၅

လျောင်ကူ့နိမ်(ခ)အနိုင် **နှင့်** ဒေါ်ရင်မေ

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၆/၄၆)၊ ရေအေးကွင်းရပ်နေ ဒေါ်ရင်မေ (ယခုနေရပ်လိပ်စာမသိသူအား) သိစေရမည်။

သင့်အပေါ်၌ တရားလို လျောင်ကူ့နိမ်(ခ)အနိုင်က စုကြေးငွေ ၂၅၂၇၄၇၈၀၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၁ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းလင်း)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

တရားမပြင်ဆင်မှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူထံသို့အကြောင်းကြားစာ

ကရင်ပြည်နယ် တရားလွှတ်တော်၊ ဘားအံမြို့

၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃

၁။ ဦးအောင်ကျော်ငွေး }
၂။ ဒေါ်ငွေးငွေး }
ဘုရင့်နောင်လမ်း၊ အမှတ်(၄)
ရပ်ကွက်၊ မြဝတီမြို့။
၃။ ဒေါ်မြင့်မြင့်စိုး
ဘုရင့်နောင်လမ်း၊ အမှတ်(၄)
ရပ်ကွက်၊ မြဝတီမြို့။
၄။ မောင်ဇေယျာလင်း
ဘုရင့်နောင်လမ်း၊ အမှတ်(၄)
ရပ်ကွက်၊ မြဝတီမြို့။

လျှောက်ထားသူများ

နှင့်

၁။ ဦးစိုးလွင်
စံပယ်လမ်း၊
အမှတ်(၁)ရပ်ကွက်၊ မြဝတီမြို့။
၂။ မယဉ်မူအောင်
(ယခင်လိပ်စာမသိ)
ဘုရင့်နောင်လမ်း၊ အမှတ်(၄)၊
မြဝတီမြို့ (ယခုလိပ်စာမသိ)

လျှောက်ထားခံရသူများ

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၉ရက်စွဲပါ မြဝတီခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၅/၂၀၁၂၏ အမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ်(၂) မယဉ်မူအောင်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မြဝတီခရိုင်တရားရုံးမှ ချမှတ်သည့်အမိန့်ကို ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော် မှတ်ပုံတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၃ခုနှစ် မတ် ၂၁ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၀ရက်) နံနက် ၁၀နာရီတွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

အဆိုပါလျှောက်ထားမှုနှင့်စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏တရားလွှတ်တော်ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသော ကိုယ်စားလှယ်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။ **အမိန့်အရ**

(အေးမြိုင်)
လက်ထောက်ညွှန်ကြားရေးမှူး

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ဒုတိယခရိုင်တရားသူကြီး(၂)ရုံး

၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ်-၂၂၂

ဦးသန်းထွန်း **တရားနိုင်** **နှင့်** ဒေါ်မြသီတာ **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ တွဲဖက်တိုင်းတရားသူကြီး(၉)ရုံး၏ ၂၀၀၅ခုနှစ် တရားမကြီးအမှုအမှတ်-၂၈၅၄ အမှုတွင် ၂၆-၂-၂၀၀၈ရက်စွဲပါ ငွေဒီကရီအပေါ် အတည်ပြုဆောင်ရွက်ရန် အောက်ဖော်ပြပါ တရားရှုံးပိုင်ပစ္စည်းများကို ၂၀၁၃ခုနှစ် ဧပြီ ၁၀ရက် (၁၃၇၄ခုနှစ် တပေါင်းလကွယ်နေ့) နံနက် ၁၀း၃၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

<u>လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း</u>

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကမာရွတ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ် ၅၆/၉၊ အလျားအနံအားဖြင့် ပေ ၄၀× ပေ ၆၀၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေပိုင်မြေနှင့်မြေပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်းသွယ်၊ ၅၆ လမ်း၊ အမှတ် ၃၅ ဟုခေါ်တွင်သော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(လေလံတင်ရောင်းချမည့်ပစ္စည်းတွင် တရားရှုံးက ရောင်းချထားသောကြောင့် ဝယ်ယူသူ ဦးအောင်ခိုင်တို့ လက်ရှိနေထိုင်လျက်ရှိသည်။)

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀ (ကျပ်သိန်းတစ်ထောင့်ငါးရာတိတိ)

<u>လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ</u>

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာကို ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **လဲ့လဲ့အေး**

ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကြော်ငြာ

ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
အနုပညာအထက်တန်းကျောင်းများအတွက်
သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်နှင့်မန္တလေးမြို့များရှိ အနုပညာအထက်တန်းကျောင်းများတွင် (ပထမ)နှစ် ပန်တျာနှင့် ပန်းချီပန်းပုသင်တန်းသို့တက်ရောက်ရန်အတွက် လျှောက်လွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း (သတ္တမတန်း)အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာရပ်များအပြင် အခြေခံပညာ (အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း)စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည် ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ဌာနခွဲများတွင် စုံစမ်းမေးမြန်း၍ ၃၀-၄-၂၀၁၃ ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာများ

၁။ အနုပညာဦးစီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော်	ဖုန်း-၀၆၇-၄၀၈၀၃၇
၂။ လေ့ကျင့်ရေး၊ သုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်	ဖုန်း-၀၆၇-၄၀၈၁၆၅ ဖုန်း-၀၆၇-၄၀၈၄၄၃
၃။ အနုပညာအထက်တန်းကျောင်း (ရန်ကုန်) အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့	ဖုန်း-၀၁-၅၅၅၆၄၂ ဖုန်း-၀၁-၅၅၄၆၉၅
၄။ အနုပညာအထက်တန်းကျောင်း (မန္တလေး) ၂၀×၂၁လမ်းကြား၊ ၆၆လမ်း၊ နန်းရှေ့၊ မန္တလေးမြို့	ဖုန်း-၀၂-၆၁၁၆၉ ဖုန်း-၀၂-၆၁၁၇၀

ဇလွန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၉၆)ဓမ္မရိပ်သာကြီးတွင် (၈၁)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး(တစ်လ) တရားစခန်းပွဲကြီး

ဇလွန်မြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်) ၆-၄-၂၀၁၃ ရက်မှ (၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်) ၅-၅-၂၀၁၃ ရက်အထိ (တစ်လ)တရားစခန်းပွဲကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ(တစ်လ)တရားစခန်းပွဲကြီး၌ ကမ္မဋ္ဌာနာစရိယ သုံးဆယ်မြို့၊ ရွာမမိုးကုတ်ရိပ်သာကျောင်းဆရာတော် ဦးတေဇနိယ B.Sc, ဓမ္မာစရိယ အရှင်သူမြတ်နှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်တို့မှ ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် နေရာမလပ်ရှုပွားနည်း သင်ကြားပြသမည်ဖြစ်ပါသောကြောင့် တရားဝင်ရောက်အားထုတ်ကြပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန်မှလိုက်ပါလိုသော ယောဂီများသည် ဆရာကြီးဦးကျော်စိန် ဖုန်း-၀၁-၅၅၄၄၃၅ ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ
အမှတ် ၉၆၊ ဇလွန်

မွေးနေ့မင်္ဂလာဆုတောင်း

မြတ်နိုးရသော ဆရာမ ဒေါ်အေးအေးဝင်း B.E con:(Stats)
၆-၃-၂၀၁၃ ရက်တွင်ကျရောက်သော မွေးနေ့တွင် ပျော်ရွှင်ပါစေ...
- ကံအကြောင်းတရားကြောင့် ဆူးခင်းသောလမ်းကို သစ္စာရှိရှိ အတူတူ လက်တွဲ၍ ဖြတ်သန်းခဲ့ကြသည်။
- ယခုပန်းခင်းသောလမ်းကို ဆက်လက်လျှောက်လှမ်းကြဦးစို့။

ချစ်ခင်ပွန်း...ဦးထွဏ်းမြင့်(ဘီးလင်း-စည်ပင်)
ချစ်သားသမီးများ...
မပပထွဏ်း(ခ)ချစ်စု B.C.Sc(Hons)Q-UCSY
မောင်ကောင်းမြတ်ထွဏ်း(ခ)ကိုကောင်း A.G.T.I(Civil)/ B.Sc(Physics)
မောင်းကောင်းသူရထွဏ်း(ခ)ကောင်းချစ်(ဒုနှစ်-သန်လျင် GTU)
ယုဇနဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂ (ဇက်ာ)၊ ယခင်-Z[1]၊ မြေကွက်အမှတ် V-၉၄၊ အကျယ်အဝန်း ၂၅ပေ×ပေ၅၀ မြေကွက်ပေါ်ရှိ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၈)ဟုခေါ်တွင်သည့် ကန်ထရိုက်တိုက်(၂)ခန်းတွဲ၊ (၄)ထပ်တိုက်မှ ဒုတိယထပ်အခန်းအမှတ်-၂(လက်ျာဘက်)အခန်းအား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်နွဲ့နွဲ့ရီ ၁၂/လမတ(နိုင်)၀၀၄၁၄၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမင်းဆွေ (စဉ်-၂၀၂၁/၈၁)	**ဒေါ်ဖြူဖြူဝင်း(စဉ်-၃၁၅၆၈)**
တရားလွှတ်တော်ရှေ့နေ	**ဦးမန်ရှင်းဆန်(စဉ်-၃၇၇၇၃)**
အမှတ်(၈၃)၊ (၁၄/A)၊	**ဒေါ်နှင်းဝေအောင်(စဉ်-၃၃၄၀၇)**
ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။	**ဒေါ်ရီရီလွင်(စဉ်-၃၇၃၉၁)**
ဖုန်း-၃၇၇၂၇၆၊ ၀၉-၅၁၉၆၃၇၈	**(အထက်တန်းရှေ့နေများ)**

- မြန်မာပြည် ပင်လယ်ကမ်းရိုးတန်းနှင့် အပ္ပါဝါဒီခရီးသွားလုပ်ငန်းများ
- ညည်းလမ်းညွှန်တို့ သိထားသင့်သည့် ပင်လယ်အပ္ပါဝါ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော ဆောင်ရန်/ရှောင်ရန်များ
- "ထွန်းအောင်ဒေးရှင်းစာပေဆုရ" စာအုပ်ဖြစ်သည့် ....

တင်သန်းယု (မြန်မာ့ခရီးသွား)

မြန်မာပြည် ပင်လယ်အပ္ပါဝါအခြေခံခရီးသွားလုပ်ငန်း

- ဟိုတယ်များရှားပါးနေချိန်တွင် ဒေသခံရွာများတွင် တည်းခို၍ မြန်မာနိုင်ငံ၏ နဂိုသဘာဝအတိုင်းရှိနေသော တောတောင်ရေမြေ တိရစ္ဆာန်၊ လူနေမှုဓလေ့ထုံးစံနှင့် ဒေသခံတို့၏ဘဝကို အရှိအတိုင်း ပါဝင်ခံစား လေ့လာ အပန်းဖြေနိုင်စေရန် ထောင့်ပေါင်းစုံက ရေးသားထားသော ...

သဘာဝအခြေခံခရီးသွား
နှင့်
ဝရ၅
တင်သန်းယု (ခရီးသွား)

ဖြန့်ချိရေး အမှတ် - ၂၅၊ ရွှေနှင်းဆီ (၃) လမ်း၊ မရမ်းကုန်း။ ဖုန်း - ၀၁ ၆၆၃၁၅၁

"မိဘတွေ ဘာလိုချင်တယ်ဆိုတာ ကျွန်ုပ်တို့ သိပါတယ်"

UEC United Education Centre
အဆင့်မြင့် စာသင်ကျောင်းတော်
၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းများ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက်

- ၈၊၉၊ ၁၀ တန်းများ မတ်လဆန်းတွင် စမည်။ ၅၊၆၊ ၇ တန်းများ မေလဆန်း စမည်။
- ကျောင်းအပ်လက်ခံနေပါပြီ။
- အခြားကျူရှင်၊ ကျောင်းကြီး ထပ်မံတက်ရောက်ရန် မလိုပါ။ အပြီးအစီး စီစဉ်ထားပါသည်။ အလယ်တန်းပြ ဆရာ၊ ဆရာမများ ခန့်ရန် ရှိသည်။ ဂုဏ်သိက္ခာရှိသော လစာပေးမည်။
- အလယ်တန်းနှင့် အထက်တန်းအတွက် အတွေ့အကြုံရှိ Guide များ လိုအပ်သည်။

"မိဘတွေရဲ့ဆန္ဒ၊ ကလေးတွေရဲ့ဘဝ UEC ကြောင့် ပြည့်ဝရမည်"

အမှတ် ၄၇၊ စံရိပ်ငြိမ် (၅) လမ်း၊ အင်းစိန်လမ်းမအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 515 7988, 09 50 80478, 09 730 65707

"လျှင်မြန်စွာ ပျောက်ကင်းသက်သာချင်သူများအတွက်"

ကပ်းဇော်ဘိနှင့် ဆင်စီးဘိ တို့ဖြင့်
အချိုးကျ ဖော်စပ်ထားသော
ငွေသမင်ကပ်းဇော်ဒက်ကြေလိမ်းဆေး ရှိပါတယ်။

အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ၆ရပ်ကွက်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၆၆၀၅၅၃၊ ၆၆၁၁၁၉၊ ၆၆၇၆၀၅

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်နောက်ဆုံးနှစ် ခုံအမှတ် ၃/သခ-၄၈ သင်္ချာအဓိကဖြင့် အောင်မြင်ခဲ့သော မပန်းအိဖြူ၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမတ်ရေရွှတ်ဖြစ်ပါကြောင်း။ **ဦးမတ်ရေရွှတ် ၆/မအရ(နိုင်)၀၆၉၄၈၇**

ကြက်နှစ်သစ်မွေး
ဝိုက်နည်း၊ မျိုးနည်း
ဝင်းသစ်မွေး 09-5117226

ဒီဇယ်မောတ်ဆီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၈၊ မြေကွက်အမှတ် ၃၁၂၊ အမည်ပေါက် ဦးအုန်းဖေ ၁၂/အလန(နိုင်)၀၂၈၀၅၉က မြေချပါမစ်မိတ္တူမှန် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါကမြေချပါမစ်မိတ္တူမှန် ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးတင်မောင်-ဒေါ်အေးသန်း)တို့၏သား

မောင်ဇော်ဌေး (MYKO Co., Ltd.)

Store dept Manager

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ စက်ဆန်းမြို့ငယ်နေ (ဦးစောမောင်)-ဒေါ်သန်းစိန်တို့၏သမီး

မသင်းသင်းမူ B.Sc (Hons:), Maths

ချယ်ရီဆေးဆိုင်

တို့၏ ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် သာယာကုန်းကျောင်းတိုက် (သန်လျင်)၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော မြို့ဦးကျောင်းဆရာတော် မေဃိယ၊ ဦးပဍ္ဍင်း ဦးကာဂုည၊ ဦးတိက္ခနှင့် ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့နှင့် နယ်ဝေးမှလာရောက်ကြသော သူငယ်ချင်းမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်အပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဌေး-မသင်းသင်းမူ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၁၀၃၂၆ Jialing JL90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမော်မော် ၉/မနတ(နိုင်)၀၁၅၇၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကကက-၁၃/၀၅၂/၁၁၁

တရုတ်ပြည် စည်းကမ်း ပညာ တွင် စံပြု

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာနန်းတော်

၅တန်း မှ ၁၀တန်းအထိ

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ် ၂၈ ဖွင့်မည်)

အတန်းငယ် ၅တန်း၊ ၆တန်း၊ ၇တန်းများကို ဘော်ဒါလက်မခံပါ

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

(ဓာတ်လှေကားအပ်နှံမှုသာ ...)

- အင်္ဂလိပ်စာ ဆရာ ဆရာမ M.A. (သို့) M.Res. (သို့) Ph.D. (သို့) M.Ed. ဘွဲ့ရများ လျှောက်ထားနိုင်ပါသည်။
- အဆောင်မှူး (ဘွဲ့ရ) ဆရာ ဆရာမများ အလိုရှိပါသည်။

ပညာနန်းတော် နွေနေကျောင်းကြီး

ကျောင်းဖွင့်ရက် ... – မတ် ၇ ရက်မှ မေ ၃၁ အထိ (၃-လအတွင်း)

အတန်း	ကျောင်းချိန်	ကျောင်းလခ	ဝင်ကြေး
၅ တန်း	နေ့ ၂:၀၀ မှ ၅:၃၀ နာရီ	၃၅၀၀၀	မရှိ
၆ တန်း	"	၃၅၀၀၀	"
၇ တန်း	"	၃၅၀၀၀	"
၈ တန်း	"	၄၀၀၀၀	"
၉ တန်း	နံနက် ၈:၃၀ မှ ၁၁:၃၀ နာရီ	၄၅၀၀၀	"
၁၀ တန်း	"	၅၅၀၀၀	"

အထူး ။ ။ ပုံမှန်နေ့ကျောင်းကြီးကိုလည်း ဤလခအတိုင်းသာ ယူပါမည်။

နွေနေကျောင်းကို မတ် ၇ – ရက်ဖွင့်မည်

ပုံမှန် နေ့ကျောင်းကြီးကို ဇွန် ၁ – ရက်တွင် ဖွင့်ပါမည်

မြေအမှတ် 118 A/B ကျွန်းချောင်းမြို့ဖ်လမ်း၊ VIP-1 ရပ်ကွက်၊ ... ရန်ကုန်။ ဖုန်း 01-577605 ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

အရွယ်မရောက်သေးသူ ကလေးသူငယ်ကို
အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ ၁၁)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၌
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ် ၆

ဦးစိုင်းမောင်ထွေး **လျှောက်သူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၆၈၊ ဦးပိုင်အမှတ် ၅၅-လ၊ ဧရိယာ ၀ဒသမ ၀၇၇၆ဧကအကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၆၈၊ ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ဒသမ ၀၄၃၀ အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့သည် မောင်မြတ်မင်းသန့်ပိုင်သော ပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ ၃၀×၃၁ လမ်းကြား၊ ၆၅လမ်း၊ အမှတ် ၃၂နေ ဦးစိုင်းမောင်ထွေးက အထက်ပါအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်မြတ်မင်းသန့်သည် သားဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို ဦးစိုင်းမောင်ထွေးက အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများသိကြားစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်သည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၃ခုနှစ် ဧပြီ ၃ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) မွန်းလွဲ ၁နာရီဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။

၂၀၁၃ခုနှစ် မတ် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-
(တင်ထွေးဦး)
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ လူနေရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၁၀၆/ခ)၊ မြေကွက်ထိပ်စာ အမှတ် (၁၀၆/ခ)၊ ... (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၂၀ပေ × ၆၀ပေ) (၁၂၀၀ စတုရန်းပေ) အကျယ်အဝန်းရှိ ဦးကျော်မောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသော ဒေါ်သိန်းသိန်း (၁၁/ကမန(နိုင်) ၀၁၂၀၀၆) ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L, Dip.CA, WIPO
အထက်တန်းရှေ့နေ (စဉ်-၂၅၇၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L, WIPO
အထက်တန်းရှေ့နေ (စဉ်-၂၅၇၉၃)

Hein Htet San Law Firm

ဟိန်းထက်စံဥပဒေနှင့်အိမ်ခြံမြေအကျိုးဆောင်ရှေ့နေများ
အမှတ်(၁၀၅၊၁၀၇)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာ...)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၅၅၅၀၆၁၄၆ ၊ ၀၉၄၅၅၀၀၇၁၃၆

ရွှေမိမာန်
အားတိုးဆေး

ကျားမတို့၏သဘာဝအား
ကိုတိုးပွားစေပြီးစားကောင်း
အိပ်ပျော်လျက်ပိန်သူဝစေ
၍၊ဝသူများအတွက်သွေး
တိုး၊လေငန်းရောဂါများ
ကိုကာကွယ်စေပါသည်။
ဆေးဆိုင်တိုင်းမှာ မေးဝယ်ပါ။
0311 YR 003633

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး ... မြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ... အမှတ်(၁/၃၁-ဆ) ...

